အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ)
WOMEN'S LEAGUE OF BURMA

တိုင်းရင်းသားဒေသများအတွင်း
လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကြပ်အတည်းနှင့်
အမျိုးသမီးများ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးဆိုင်ရာဆွေးနွေးခြင်း စကားဝိုင်း

၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၂၁ ရက်နေ့ (အင်္ဂါနေ့)

စကားဝိုင်း၏ ရည်ရွယ်ချက်

လက်ရှိတိုင်းရင်းသားဒေသများတွင် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကြပ်အတည်း၏ သက်ရောက်မှုများကို ဖော်ထုတ်ရန်၊ အမျိုးသမီးများ၏ လုံခြုံရေးနှင့် အခွင့်အရေးဆိုင်ရာ စိန်ခေါ်မှုများကို ဆွေးနွေးရန်၊ လက်တွေ့ကျသော ဖြေရှင်းရေးနည်းလမ်းများနှင့် အကြံပြုချက်များ ရရှိရန်။

အကြောင်းအရာ

လက်ရှိတိုင်းရင်းသားဒေသများတွင် ဖြစ်ပွားနေသော လက်နက်ကိုင်ပဋိပက္ခများကြောင့် ဒေသခံပြည်သူများ၊ အထူးသဖြင့် အမျိုးသမီးများနှင့် ကလေးသူငယ်များသည် လူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာ အကူအညီများစွာ လိုအပ်လျက်ရှိပါသည်။ ထို့ကြောင့် ဆွေးနွေးခြင်းစကားဝိုင်းအစီစဉ်တွင် ပြည်တွင်းနေရပ်စွန့်ခွာ စစ်ဘေးရှောင်များ၏ အခြေအနေ၊ ပဋိပက္ခကာလအတွင်း အမျိုးသမီးများ ရင်ဆိုင်ရသော အခက်အခဲများ၊ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများနှင့် ကာကွယ်စောင့်ရှောက်ရေး လိုအပ်ချက်များ၊ အမျိုးသမီးများ၏ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးဆိုင်ရာ လိုအပ်ချက်များကို ဆွေးနွေးသွားမည်ဖြစ်ပါသည်။

ဆွေးနွေးသွားမည့် မေးခွန်းများ

၁။ လက်ရှိတိုင်းရင်းသားဒေသပဋိပက္ခများတွင် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကြပ်အတည်း၊ အမျိုးသမီးများ၏ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးကဏ္ဍများတွင် အမျိုးသမီးများ ရင်ဆိုင်နေရသော အဓိက စိန်ခေါ်မှုများက ဘာတွေဖြစ်ပါသလဲ?

၂။ လူသားချင်းစာနာထောက်ထားမှု အကူအညီအတွက် စစ်ရှောင်စခန်းများရှိ အမျိုးသမီးများရဲ့ အခြေခံလိုအပ်ချက်များကို ဘယ်လို ဖြည့်ဆည်းပေးနေပါသလဲ? ဘယ်လောက်အတိုင်းအတာအထိ ဖြည့်ဆည်းပေး နိုင်ပါသလဲ။ ဘယ်သူတွေ၊ ဘယ်အဖွဲ့စည်းများက အကူညီပေးနေပါသလဲ?

၃။ အမျိုးသမီးများ၏ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးဆိုင်ရာ လိုအပ်ချက်များအပေါ်အခြေခံပြီး သက်ဆိုင်ရာ တာဝန်ရှိသူများ၊ နိုင်ငံတကာ အသိုင်းအဝန်းများ အကောင်ထည်ဖော်ဆောင်ရွက်ရန် အရေးပေါ်လိုအပ်သော အကြံပြုချက်များ မျှဝေပေးရန်။

မော်ဗရေးမြာ

ဥက္ကဌ (ကရင်နီအမျိုးသမီးအစည်းအရုံး)

၂၀၁၅ ကနေ ၂၀၂၄ မှာ အတွင်းရေးမှူးအနေနဲ့ရော ဥက္ကဌ အနေနှင့်ပါ ကရင်နီအမျိုးသမီး အစည်းအရုံးတွင် တာဝန်ထမ်းဆောင်ခဲ့တယ်။ တလျှောက်တွင် အဓိကအနေနဲ့ အမျိုးသမီး ငြိမ်းချမ်းရေးနှင့် လုံခြုံရေးနဲ့ ဆက်စပ်တဲ့ အပိုင်းမှာဆိုရင် အဓိက ကျေးရွာအဆင့်၊ အလွှာ ပေါင်းစုံထဲက လူထုတွေကို အသိပညာပေး တာတွေရှိသလို၊ တဖက်မှာဆိုရင်လည်း ဒီတော်လှန်ရေးတပ်ဖွဲ့ထဲမှာ တာဝန်ထမ်းဆောင်နေတဲ့ ရဲဘော်ရဲမေ တွေနဲ့ တွေ့ဆုံ ပြီးတော့မှ အမျိုးသမီး ငြိမ်းချမ်းရေးနှင့် လုံခြုံရေးနဲ့ ပတ်သက်ပြီး သူတို့ ကြုံနေရတဲ့ အခြေအနေတွေ၊ ကျမတို့ တွေ့ရှိချက်တွေကို သူတို့ရဲ့ အဖွဲ့အစည်းမူဝါဒတွေထဲမှာ ပိုပြီးမွမ်းမံ အကောင်အထည် ဖော်နိုင်အောင် စည်းရုံးလှုံ့ဆော်သည်။ ပြီးတော့ တဖက်မှာဆိုလျှင်လည်း အထူးသဖြင့် ကျမတို့ ဒီကြားကာလမှာ စစ်ရှောင် ကော်မတီ၊ ကျေးရွာတာဝန်ခံများနှင့် တွေ့ဆုံပြီးတော့မှ ဒီစစ်ရှောင်စီမံခန့်ခွဲတဲ့အခါ စစ်ရှောင်စခန်းမှာ နေထိုင်တဲ့ အထူးသဖြင့် အမျိုးသမီးများ၊ မတူညီကွဲပြားတဲ့ လိင်စိတ်ကွဲပြားစွာခံယူထားတဲ့ အုပ်စုများအတွက် ပိုပြီး တော့မှ လုံခြုံရေးအရ စီမံခန့်ခွဲတဲ့အခါမှာဆိုလျှင် သူတို့၏အသံတွေ ပါဝင်အောင် ဘယ်လို မျိုးထည့်သွင်းသွားဖို့ လိုအပ်လဲဆိုတဲ့ အကြောင်းကိုလည်း သူတို့နဲ့ သေချာလေး consultation (ဆွေးနွေး)လုပ်တယ်။ အသိပညာပေးမှု တွေလည်း လုပ်တယ်။

တဖက်မှာဆိုလျှင်လည်း ဒီ၂၀၂၁ အကြမ်းဖက် စစ်တပ်ကနေပြီးတော့မှ တဖန်ပြန် အာဏာသိမ်းဖို့ ကြိုးစားတဲ့ နောက်ပိုင်းမှာဆိုလျှင်လဲ ပိုပြီးတော့ ဒီကရင်နီပြည်တွင်း၊ ကရင်နီ နယ်စပ်နှင့်(ထိုင်း)၊ ကရင်နီနှင့်ရှမ်းနယ်စပ် အဲ့မှာရှိနေသည့် ပြည်သူတွေအတွက် ပိုပြီးလူသား ချင်းစာနာတဲ့ အကူအညီတွေရအောင် ကျမတို့ တောက်လျှောက် လုပ်လာတာရှိတယ်။ အဓိက ကတော့ကျမတို့ ဒီအမျိုးသမီးများအတွက် လိုအပ်တဲ့ တကိုယ်ရေအသုံးအဆောင် ပစ္စည်းတွေ၊ အခြေခံစားနပ်ရိက္ခာတွေ အထူးသဖြင့် ကိုယ်ဝန်သည်နှင့် (၂)နှစ် အောက်ကလေး များကို ကူညီသည်။ တဖက်မှာလည်း washနှင့် ပတ်သက်တဲ့ အပိုင်းတွေရောကူသည်။ နောက်တစ်ဖက်က စစ်ရှောင်နေတဲ့အမျိုးသမီး၊ ကလေးတွေရဲ့ အခြေအနေလေး တွေကို ကိုယ်ရဲ့ ပြည်တွင်းပြည်ပ နိုင်ငံတကာအင်အားစုတွေ သိအောင်ကျမတို့ အသံဖော်ထုတ် ပေးတာလေးတွေလည်း တောက်လျှောက် လုပ်နေတယ်ဆိုတဲ့အကြောင်း အကျဉ်းချုပ် မိတ် ဆက် ပေးချင်ပါတယ်။

လိုည်းပကျိုဝ်းဇား

တွဲဖက်အထွေထွေအတွင်းရေးမှူး-၁

(တအာင်းအမျိုးသမီးအဖွဲ့အစည်း)

တအာင်းအမျိုးသမီးအဖွဲ့အစည်းမှာ တွဲဖက်အထွေထွေအတွင်းရေးမှူး (၁) အဖြစ် ၂၀၂၄ ခုနှစ် ကတည်းက စပြီး ဝင်ရောက် လုပ်ကိုင်ခဲ့တယ်။ တလျှောက်လုံးမှာ ကျမတို့အဖွဲ့အစည်းနှင့် အတူ ကျမက အဓိက အမျိုးသမီး ဦးဆောင်မှု မြင့်မားလာဖို့အတွက် နိုင်ငံရေးအခန်းကဏ္ဍ မှာဘဲ ပြောပြော၊ ဆုံးဖြတ်ချက်ချတဲ့ အခန်းကဏ္ဍမှာဘဲ ပြောပြော ကျမတို့ဒေသတွင်းမှာ အလွှာတိုင်း ကျေးရွာအဆင့်ကနေစပြီး ကျမတို့ရဲ့ အမျိုးသမီး ဦးဆောင်မှု မြင့်မားလာ ဖို့အတွက် ကိစ္စရပ်တွေမှာဆိုရင်လည်း ကျမတို့မြေပြင်မှာ တောက်လျှောက် အသိပညာပေးမှု တွေ၊ စည်းရုံးလှုံ့ဆော်မှုတွေ၊ ဒီမူဝါဒပြုပြင်ပြောင်းလဲမှု အပိုင်းတွေ တောက်လျှောက် လုပ်ဆောင်နေတာတွေ ရှိတယ်။ ပြီးလျှင် တခြားတဖက်မှာဆိုရင်လည်း ဒီမြေပြင်မှာ စစ် ပဋိပက္ခကြောင့် တစ်ဆင့် ဖြစ်ပွားနေတဲ့ လိင်ပိုင်းဆိုင်ရာ အမျိုးသမီးများအပေါ် ဖြစ်နေတဲ့ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုတွေ၊ အခြားသော ကျား-မ အခြေပြုအကြမ်းဖက်မှုတွေ၊ ပပျောက်ဖို့အတွက် ကျမတို့အဖွဲ့အစည်းအနေနှင့် အကာအကွယ်ပေးတာတွေ၊ ပံ့ပိုးတာတွေ လည်း မြေပြင်မှာ တစိုက်မတ်မတ်လုပ်ဆောင်နေတယ်။ နောက်ထပ်တခုအနေနဲ့ အဓိက ကျမ တို့ ရှမ်းပြည်နယ်အတွင်းမှာ ဖြစ်နေတဲ့ စစ်ပဋိပက္ခကြောင့် ဒုက္ခရောက်နေတဲ့ ပြည်သူလူထု

တွေနဲ့၊ ဒီလေယာဉ်ဗုံးကြဲ ခံရမှုတွေ၊ လက်နက်ကြီးပစ်ခတ်မှုတွေ၊ landmine တွေကြောင့် ထိခိုက်ဒဏ်ရာရနေတဲ့ ကျမတို့ပြည်သူတွေကို အဓိကလူသားချင်းစာနာ ထောက်ပံ့ပေးမှုတွေလည်း လုပ်ဆောင်ပေးတယ်။ အခြားတစ်ဖက်မှာဆိုရင်လည်း ကျမတို့ဒေသအတွင်းမှာရှိနေတဲ့ ဒီလူ့အခွင့်အရေး ချိုးဖောက်မှုမှန်သမျှကို ကျမတို့ကနေပြီးမှ ကောက်ယူစုဆောင်းမှတ်တမ်းတင်ပြီးတော့ ဒီအနာဂါတ်မှာ တရားမျှတမှုအတွက်၊ အမှန်တရားဖော်ထုတ်ဖို့အတွက် ကျမတို့ ရည်ရွယ်ချက်နဲ့လည်း ကျမတို့မဟာမိတ်တွေနှင့်အတူ ပူးပေါင်းလုပ်ဆောင်ပြီးတော့မှတ်တမ်းမှတ်ရာသက်သေတွေကိုဆိုလျှင်လည်းနေ့စဉ်ဝမှတ်တမ်းတင် လုပ်ဆောင်နေပါတယ်။

ဘွိုင်နူး

အထွေထွေအတွင်းရေးမှူး
(ကူကီးအမျိုးသမီးများဆိုင်ရာ
လူ့အခွင့်အရေးအစည်းအရုံး)

လက်ရှိတွင် ကူကီးအမျိုးသမီးများဆိုင်ရာ လူ့အခွင့်အရေး အစည်းအရုံးမှာ အထွေထွေ အတွင်းရေးမှူး အနေနှင့် တာဝန်ယူထားပါတယ်။ ကျမတို့ကူကီးအမျိုးသမီးများဆိုင်ရာ လူ့အခွင့်အရေးအစည်းအရုံးက စစ်ကိုင်းတိုင်း အထက်ပိုင်းမှာ လှုပ်ရှားဆောင်ရွက်နေတဲ့ အမျိုးသမီးဖြစ်တယ်။ ကျမတို့ဒေသမှာရှိနေတဲ့ အမျိုးသမီးတွေ၊ လူမျိုး မခွဲခြားဘဲ ဒီအမျိုးသမီးတွေနှင့် ပတ်သက်ပြီးမှ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု ဖြစ်စေ၊ စစ်ပဋိပက္ခ အတွင်းမှာဘဲ ဖြစ်စေ၊ GBV case လိုမျိုးတွေနဲ့ ကြုံတွေ့ခဲ့ရတဲ့ အမျိုးသမီးတွေအတွက် ကျမတို့က ဝန်ဆောင်မှုပေးတဲ့ လုပ်ငန်းစဉ်တွေကိုလည်း လုပ်ဆောင်နေကြတယ်။ နောက်ပြီးတော့ တဖက်မှာလည်း ကျမတို့ဒေသမှာဒီစစ်အာဏာသိမ်းပြီးနောက်ပိုင်းဒီဒေသမှာရှိနေတဲ့လူမျိုးတွေအပေါ်မှာလူ့အခွင့်အရေးချိုးဖောက်မှု တွေနှင့် ပတ်သက်ပြီးတော့မှ အချက်အလက်ကောက်ယူတာတွေ ကျမတို့လုပ်ဆောင်ခဲ့တယ်။ ဒါပေမယ့် ၂၀၂၄ ခုနှစ်မှာ ကျမတို့(၄)လ တစ်ကြိမ် လူ့အခွင့်အရေး ချိုးဖောက်မှုနဲ့ ပတ်သက်တဲ့ အချက်အလက်တွေ ထုတ်ပြန် နိုင်ခဲ့သည်။ ဒါတွေလုပ်နေတာသည် တစ်ချိန်မှာ နောင်တစ်ချိန်ကျရင် ကျမတို့ဒေသတွေမှာ ဖြစ်ပျက်ခဲ့တာတွေ၊ လူ့အခွင့်အရေး ချိုးဖောက်ခံနေရတဲ့သူတွေ၊ ကျူးလွန်ခဲ့တဲ့လူတွေ တစ်ဦးတစ်ယောက်မှ ကင်းလွတ်ခွင့်မရှိအောင် ကျမတို့က စနစ်တကျဖြစ်နိုင်အောင်ဆိုပြီးတော့မှ စဉ်းစားချက်နဲ့ ရည်ရွယ်ချက်နှင့် ကျမတို့က ဒီအချက်တွေကို ကောက်ယူခြင်း ဖြစ်တယ်။

တစ်ဖက်မှာလည်း ကျမတို့ဒေသမှာဆိုလျှင် ရင်နှီးမြုပ်နှံမှုလို့ပြောရမလား၊ အကြီးစားတော့ မဟုတ်ဘူး။ ဥပမာ- သဘာဝသယံဇာတ ထုတ်ယူတဲ့နေရာတွေမှာ ရွှေတူးဖော်မှုလိုဟာမျိုးတွေ အဲ့လိုမျိုးတွေမှာ ဖြစ်နေတဲ့နေရာမှာ အများစုသော ဒီအနီးအနားပတ်ဝန်းကျင်ရော နောက်ပြီးတော့ အဲ့သည်မှာ လုပ်သားတွေရှိနေတဲ့ အမျိုးသမီး အများစုက နည်းမျိုးစုံနဲ့ အကြမ်းဖက်မှုတွေ ခံနေရတာရှိတယ်။ ဆိုတော့ အဲ့တာတွေနှင့် ပတ်သက်ပြီးတော့မှ လည်း ကျမတို့သုတေသနစာတမ်းသေးသေးလေးတွေလည်းကျမတို့ထုတ်ဝေဖြန့်ဝေခဲ့တယ်။အဓိကကတော့ ဒီဒေသမှာရှိနေတဲ့ အမျိုးသမီးများသည် စစ်ပွဲထဲမှာမှမဟုတ်ဘဲ ဒီလိုမျိုးလုပ်ငန်းခွင်တွေမှာလဲ အမျိုးသမီးတွေက အမြဲတမ်း ထိခိုက်ခံနေရတဲ့ လူတန်းစာထဲမှာ အမြဲတမ်းပါနေတယ်၊ သူတို့ရဲ့ကြုံတွေနေရသည့်အခက်အခဲများကို ဖော်ပြလိုသောကြောင့် ဖြစ်သည်။ ဒီအကြောင်းအရာတွေကို ကျမတို့က အများပြည်သူတွေ သိရှိအောင် ထုတ်ပြန် တာတွေလုပ်သလို တဖက်မှာလည်း အချက်အလက်တွေကို ကျမတို့ ထိန်းသိမ်းထားတာ ဖြစ်တယ်။

နောက်တဖက်မှာကျတော့ ကျမတို့ရဲ့ စစ်ကိုင်းတိုင်း၊ အားလုံးသိကျတဲ့အတိုင်း ဒီဘက်မှာ အခြေအနေ တော်တော်ဆိုးတယ်။ အဲ့သည်ထဲမှာမှ စစ်ကိုင်းတိုင်းအထက်ပိုင်း ဒီကျမတို့ လှုပ်ရှားနေတဲ့ နယ်မြေအတွင်း မှာဆိုလျှင်လည်း ပြည်သူတွေ ထွက်ပြေးတိမ်းရှောင်နေရသလို၊ တဖက်မှာလည်းအိန္ဒိယနယ်စပ်နဲ့ နီးသော်လည်း အိန္ဒိယရဲ့အကူအညီတွေ ကျမတို့မရခဲ့တဲ့ အပိုင်းတွေ အများကြီးရှိတယ်။ အဲ့သည်မှာရှိနေတဲ့ အမျိုးသမီးတွေ ကိုယ်ဝန်ဆောင်တွေကိုလည်း (၂)နှစ်အောက် ကျမတို့က လူသားချင်းစာနာထောက်ထားမှုအနေနဲ့ ကူညီထောက်ပံ့ တဲ့အပိုင်းတွေကိုလည်း ကျမတို့လုပ်နေတယ်။

မေးခွန်း (၁)

လက်ရှိတိုင်းရင်းသားဒေသပဋိပက္ခများတွင် အမျိုးသမီးများ၏ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးကဏ္ဍများတွင် အမျိုးသမီးများ ရင်ဆိုင်နေရသော အဓိက စိန်ခေါ်မှုများ၊ အကြပ်အတည်းများက ဘာတွေဖြစ်ပါသလဲ?

နော်ဆဲဆဲ

ဦးဆောင်ဆွေးနွေးသူ

ပထမဦးဆုံးအနေနဲ့ ကျမတို့ အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) ဆိုလျှင် များသော အားဖြင့် တိုင်းရင်းသား အမျိုးသမီးတွေနဲ့ ဖွဲ့စည်းသလို၊ တိုင်းရင်းသားနယ်မြေမှာ ရှိနေကြတဲ့ သူဖြစ်တယ်။ လှုပ်ရှားဆောင်ရွက်နေကြတဲ့ သူတွေဖြစ်တယ်။ ဆိုတော့ လက်ရှိအခြေအနေ အထိ အထူးသဖြင့် ၂၀၂၁ နောက်ပိုင်း ဒီအာဏာသိမ်းပြီးတော့ ကျမတို့ တော်လှန်ရေး အင်အားစုတွေနဲ့ အပါအဝင် ကျမတို့ အမျိုးသမီးအဖွဲ့အစည်းတွေလည်း အများကြီး အားထုတ်၊ ကျရာကဏ္ဍမှာ လုပ်ဆောင်ခဲ့တာတွေလည်း အများကြီးရှိတယ်။ ပြီးတော့ အထူးသဖြင့် ကျမတို့ အမြဲတမ်းပြောဆိုနေတဲ့ အမျိုးသမီး ငြိမ်းချမ်းရေးနှင့် လုံခြုံရေး ကိစ္စရပ်တွေမှာလည်း ကျမတို့ အများကြီး လုပ်ဆောင်ခဲ့တယ်။ ဒီforumတွေကော၊ ကျမတို့ စည်းရုံး လှုပ်ဆောင်မှုတွေရော လုပ်ဆောင်ခဲ့တယ်။ အခြေအနေ တွေ အခက်အခဲတွေကိုလည်း ကျမ တို့ ဖော်ထုတ်ခဲ့တယ်။ ဒါပေမယ့် ကျမတို့ ဆွေးနွေးတိုင်းမှာ အချိန်အခါအရ အခြေအနေ တွေက မတူဘူး။ ထို့ကြောင့် ကျမတို့ တိုင်းရင်းသားနယ်မြေမှာရှိနေတဲ့ အခြေအနေတွေ ပိုးဆိုးလေလေ အမျိုးသမီး ငြိမ်းချမ်းရေးနှင့် လုံခြုံရေးကိစ္စရပ်တွေကတော့ အထူးသဖြင့် အမျိုးသမီးနှင့် မိန်းကလေးငယ်တွေရဲ့ အခြေအနေက အများကြီး အကြပ်အတည်းရှိနေမယ် ဆိုတာ ကျမတို့ယုံကြည်တယ်။

ဒီနေ့ ကျမတို့စကားဝိုင်းမှာ အထူးသဖြင့် ကရင်နီပြည်နယ်မှာရှိနေတဲ့ အခြေအနေ၊ တကယ် မြေပြင်အခြေအနေ တွေပေါ် မှာ ကျမတို့ ဖော်ထုတ်ဆွေးနွေးသွားမှာဖြစ်သလို ကျမတို့တ အောင်းဒေသမှာ တအောင်းလူမျိုးတွေ အထူးသဖြင့် တအောင်းအမျိုးသမီးအဖွဲ့အစည်း လှုပ်ရှားဆောင်ရွက်နေတဲ့ တကယ်မြေပြင်အခြေအနေမှာရှိနေတဲ့ အခြေအနေကိုလည်း ကျမ တို့ဆွေးနွေးဖော်ထုတ်သွားမှာ ဖြစ်သည့်အပြင် စောနကဆရာမဘွိုင်နူး မိတ်ဆက် ပေးသလို ဘဲ စစ်ကိုင်းတိုင်း အထက်ဘက် အထူးသဖြင့် ဒီကူကီးအမျိုးသမီးအဖွဲ့အစည်း လှုပ်ရှား ဆောင်ရွက်တဲ့ နယ်မြေအခြေအနေတွေကို ကျမတို့ လေ့လာကြမယ်။ ဒီသူတို့အခြေအနေ တွေကို ကျမတို့ လေ့လာကြမယ်။ ကျမတို့ ဖော်ထုတ်ကြမယ်။ ဆိုတော့ ကျမတို့ ပထမဦး ဆုံးအနေနဲ့ တအောင်းအမျိုးသမီးအဖွဲ့အစည်းမှ ဆရာမ လိုည်းပကျိုဝ်းဇားကို အရင်ဖိတ် ခေါ်ချင်တယ်။ အထူးသဖြင့် ဒီလက်ရှိအခြေအနေအထိ တော်လှန်ရေးက လာမည့် ဖေဖော်ဝါရီလ ဆိုရင် (၄) နှစ်ရှိပြီ။ ဆိုတော့ ဒီလက်ရှိအခြေအနေအထိ ကျမတို့ အမျိုးသမီး ငြိမ်းချမ်းရေးနှင့် လုံခြုံရေးကိစ္စရပ်၊ အထူးသဖြင့် အမျိုးသမီးတွေရဲ့ ပါဝင်ရေးကိစ္စ၊ အမျိုးသမီး တွေ အကာအကွယ်ပေးတာနှင့် ကြိုတင်တားဆီးကာကွယ်တဲ့ ကိစ္စရပ်တွေက ဘယ်လို အကြပ်အတည်းတွေ ရှိနေလဲ။ ဒီလက်ရှိ အခြေအနေမှာ အဓိက အကြပ်အတည်းတွေက ဘယ်လို၊ဘာတွေဖြစ်နေလဲဆိုတာကို ဆွေးနွေးဖလှယ်ပေးဖို့ ဖိတ်ခေါ်ချင်ပါတယ်။

လိုည်းပကျိုဝ်းဇား

တွဲဖက်အထွေထွေအတွင်းရေးမှူး (၁) (တအာင်းအမျိုးသမီးအဖွဲ့အစည်း)

ကျမတို့ တအာင်းဒေသမှာ အမျိုးသမီး ငြိမ်းချမ်းရေးနှင့် လုံခြုံရေးကိစ္စကို ပြောမယ်ဆိုရင် လောလောဆယ် အနေအထားမျိုးမှာဆိုရင် အဓိက ဒီနယ်မြေမတည်မငြိမ်ဖြစ်မှုတွေ၊ စစ်ပဋိပက္ခတွေအကြောင်းကို ကျမတို့ စပြောရမည်။ အားလုံးသိကြတဲ့အတိုင်းဘဲ ကျမတို့ ဒေသမှာဆိုလျှင် အခုချိန်ထိ မကြာခဏ လေယာဉ်ဗုံးကြဲ ခံရမှုတွေဖြစ်တယ်။ ဒီလက်နက်ကိုင်တွေ မြေပြင်မှာအများအပြားနဲ့ သွားလာလှုပ်ရှားဆောင်ရွက်နေတာ ရှိတယ်။ ပြီးလျှင်အချို့ ဒေသမှာ ဆိုရင်လည်း အခုချိန်ထိ တိုက်ပွဲဖြစ်ပွားနေတုန်း၊ ပြင်းထန်ဆဲအနေအထားမျိုးမှာရှိတယ်။ နောက်တခုက တချို့မြို့နယ်မှာဆိုလျှင် တိုက်ပွဲမရှိတော့ပေမယ့်လည်း ဒီတော်လှန်ရေးမှာ ပါဝင်တဲ့ လက်နက်ကိုင် အဖွဲ့အစည်းတွေရော၊ မပါတဲ့လက်နက်ကိုင်အဖွဲ့အစည်းတွေရော အများကြီးရှိတယ်။ အဲ့သည်ကြားမှာ ဖြစ်နေတဲ့ ပဋိပက္ခတွေကလည်း ရှိနေဆဲဖြစ်တယ်။ နောက်ထပ်တခုကတော့ မကြာခဏ ဒီလေယာဉ်နဲ့ ဗုံးကြဲခံရမှုကြောင့် လည်း လူထုတွေက မလုံခြုံနိုင်ဘူး။

တချို့မြို့နယ်မှာဆိုလျှင် အခြားသူကပြောနိုင်တယ်။ စကစထဲကနေ လွတ်မြောက်သွားပြီ အဆင်ပြေသွားပြီလို့ ထင်ကောင်းထင်နိုင်တယ်။ ဒါပေမယ့် ကျမတို့လူထုတွေအနေနဲ့က နောက်ဆက်တွဲ ဆိုးကျိုးတွေ အများကြီး အခုချိန်ထိ ကျမတို့တွေခံစားနေရတုန်းဖြစ်တယ်။ ဒေသအတွင်းမှာဆိုလျှင် ကျန်ရှိနေတဲ့ လက်နက်ပစ္စည်း အကြွင်းအကျန်တွေ ဆိုရင်လည်း ကလေးငယ်တွေ၊ အမျိုးသမီးငယ်တွေ ယူလာဆော့တယ်။ တအိမ်လုံး၊ တမိသားစုလုံးကနေ ပေါက်ကွဲပြီးမှ ထိခိုက်ဒဏ်ရာရ သေဆုံးတာတွေရှိတယ်။ ဒီကလေးငယ်တွေက ယူဆော့ပြီးမှ မကြာခဏ ပေါက်ကွဲတာတွေရှိသလို ကျမတို့အမျိုးသမီးတွေ၊ လူထုတွေအနေနဲ့ သွားလာလှုပ်ရှား ဆောက်ရွက် နေတဲ့ တောင်ယာတို့၊ လက်ဖက်ခြံတို့ အနီးတဝိုက်မှာဆိုလျှင်လည်း landmine၊မြေမြှုပ်မိုင်းတွေ အများကြီး ရှိနေသေးတယ်။ ဒီမြေမြှုပ်မိုင်း မကြာခဏ နင်းမိတဲ့ သူတွေအများကြီး ရှိလာသည်။ လူထုတွေအနေနဲ့ ကျမတို့ဆီမှာ မကြာခဏ ခြေပြတ်လက်ပြတ်တွေ၊ထိခိုက်ဒဏ်ရာရတဲ့သူတွေ၊ ကျမတို့ ပံ့ပိုးကူညီပေးနေရတာတွေ ရှိသည်။

အခြားတဖက်မှာဆိုလျှင်လည်း နေ့အချိန်ဘဲဖြစ်ဖြစ်၊ ညအချိန်ဘဲဖြစ်ဖြစ် အခုက အချိန်မရွေး ဗုံးလာကြဲတယ်။ အရင်တုန်းကဆိုလျှင် ကျမတို့က ဒီမနက်အစောကြီးအချိန်နဲ့ ညအချိန်ဆိုရင် လေယာဉ်နဲ့ဗုံးလာကြဲ တတ်တယ် ဆိုပြီးမှ ကျမတို့က အမြဲတမ်း အဲ့အချိန်မှာ သတိနဲ့ပိုနေတတ်တယ်။ ဒါပေမယ့် ဒီနောက်ပိုင်းမှာဆိုလျှင် နေ့လည်ခင်းရော၊ ညနေအချိန်မှာဆိုရင် လည်း လူထုထပ်တဲ့ နေရာဘဲဖြစ်ဖြစ်၊ ဒီစာသင်ကျောင်းမှာဘဲဖြစ်ဖြစ်၊ ဆေးရုံးမှာဘဲဖြစ်ဖြစ် ဦးတည်ပြီး စကစဘက်ကနေပြီးမှ မကြာခဏ လေယာဉ်ဗုံးကြဲမှုကြောင့်လည်း ကျမတို့ ဒေသမှာ အခုချိန်ထိ မတည်မငြိမ်ဖြစ်မှုတွေ၊ လူတွေကနေအိမ်ပြန်လာမနေရဲ့တဲ့ အနေအထားမျိုးတွေ ရှိတယ်။ ဒီကြားထဲမှာ အဓိကတစားခံကို ပြန်ကြည့်ရမယ်ဆိုလျှင် အမျိုးသမီးတွေ၊ ကလေးတွေ၊ကိုယ်ဝန်ဆောင်မိခင်တွေ၊ သက်ကြီးရွယ်အိုတွေက ပိုပြီးတော့ကိုခံစားရတယ်။ ဥပမာ - ကျမတို့ အမျိုးသမီးတွေကို ပြန်ကြည်မယ်ဆိုရင်လည်း အဓိကက ဒီစစ်ပဋိပက္ခကြောင့် ဆက်စပ်တဲ့ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုတွေ၊ တရားမျှတမှုရှာဖွေဖို့အတွက် အခက်အခဲဖြစ်နေတာတွေ၊ ဒီလိုမျိုး မလုံမခြုံတဲ့ ပတ်ဝန်းကျင်တွေမှာ ဒီအကြမ်းဖက်မှုတွေက သူတို့အပေါ်မှာ ဖြစ်နိုင်တဲ့ ဖြစ်နိုင်ချေ၊ အခွင့်အရေး တွေပိုများနေတာကို ကျမတို့တွေ့ရတယ် ။ နေခင်းအချိန်မှာရော ညခင်းအချိန်မှာပါ အမျိုးသမီးတွေနဲ့ ကလေးငယ်တွေ၊ အမျိုးသမီးငယ်တွေရဲ့ဘဝတွေ မလုံခြုံမှုတွေ၊ စိုးရိမ်ကြောင့်ကြမှုတွေက အမြဲတမ်း နေ့စဉ် စိတ်ခြောက်ခြားစရာသဖွယ်တွေနှင့် ကြုံတွေနေရတာတွေရှိတယ်။

"ဥပမာ - ကျမတို့ တအာင်းအမျိုးသမီးအဖွဲ့အစည်း အနေနဲ့ ၂၀၂၃ ခုနှစ် နှင့် ၂၀၂၄ ခုနှစ် ဒီ (၂) နှစ် အတွင်းမှာဆိုရင် ကျား-မအခြေပြု အကြမ်းဖက်မှုနှင့် ပတ်သက်ပြီးတော့ ကျမတို့မှာ အမှုပေါင်း (၂၀၀) နီးပါး (၁၉၀) ကျော် အစီရင်ခံစာ တက်လာသည်။ အဲ့အထဲမှာ ပြန်ကြည့်မယ်ဆိုရင်လည်း မုဒိမ်းမှု (၃၁)မှု လောက်ရှိတယ်။ အတင်းအဓမ္မပြုရန်ကြိုးစားအားထုတ်မှု ဆိုရင်လည်း (၃) မှု လောက်ရှိတယ်။ အခြား လိင်ပိုင်းဆိုင်ရာ ထိပါးနောက်ယှက်မှုဆိုရင်လည်း အများကြီးရှိတယ်။ အိမ်တွင်းအကြမ်းဖက်မှုတွေ၊ လူကုန်ကူးမှုတွေ အများကြီး တွေ့နေရတယ်။ ထို့အပြင် ကျား-မအခြေပြု အကြမ်းဖက်မှုတွေ၊ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုတွေ အများအပြားရှိနေတယ်။ အဲ့တာတွေကို ကြည့်ခြင်းဖြင့် အခုချိန်ထိ အမျိုးသမီးတွေရဲ့ ဘဝမလုံခြုံဘူး ဆိုတာ ထင်ပေါ်စေတယ်။"

"တဖက်မှာ ဒီလိုမျိုး အမျိုးသမီးများ ထိခိုက်နစ်နာမှုတွေ၊ တစားခံဖြစ်မှုတွေ ကြုံတွေ့နေရတယ် ဆိုပေမယ့် အမျိုးသမီးတွေရဲ့ ပါဝင်မှုကတော့၊ ဒီအမျိုးသမီးတွေရဲ့ အသံမြင့်တင်မှုကတော့ အားနည်းနေတုန်း ဖြစ်တယ်။ အမျိုးသမီးတွေက ကိုယ်ထူကိုယ်ထ ကိုယ့်အရင်းအမြစ်နဲ့ ဒီနိုင်ငံရေး ပလက်ဖောင်မှာ ကြိုးစားပြီး ဝင်ရုန်းနေတယ်။ ဝင်တိုးနေရတယ်။ အမျိုးသမီးတွေရဲ့ အထူးအစီအမံ မူဝါဒဆိုပြီးမှ လွယ်လွယ်ကူကူနဲ့ ပါဝင်ခွင့်ပေးတာတွေ၊ အသိအမှတ်ပြုမှုပေးတာတွေ၊ အရမ်း အားနည်းနေသေးတယ်။ အဓိက အမျိုးသမီး ကိုယ်စားပြုမှုတွေလည်း အခုချိန်ထိ အားနည်း နေသေးတယ်။ အမျိုးသမီးကိုယ်စားလှယ်ဆိုပြီး သီးသန့် ဖိတ်ခေါ်မှုတွေက အခုချိန်ထိ အားနည်း နေတုန်း။ ကျမတို့ အခုဖော်ဆောင်နေတဲ့ ဒေသန္တရအတွင်း အုပ်ချုပ်ရေး ယန္တယားမှာပြောမလား၊ တရားစီရင်ရေးပိုင်းမှာပြောမလား၊ နိုင်ငံရေးကိုယ်စားပြုမှု အခင်းအကျင်းမှာ ပြောမလား အမျိုးသမီး တွေရဲ့ ကိုယ်စားပြုမှုတွေက အရမ်းအားနည်းနေသေးတယ်။"

အခြားတဖက်မှာ ဆိုလျှင်လည်း ကျမတို့ကနေပြီးမှ ဒီဒေသတွင်းမှာ ဖြစ်နေတဲ့ စစ်ပွဲတွေရဲ့ ထိခိုက်မှု တွေကြောင့်လည်း ထည့်သွင်းစဉ်းစားခံနေရတာတွေ အပိုင်းမှာလည်း အရမ်း အားနည်းတယ်။ အခု ဒီကျမတို့က စစ်ပွဲဖော်ဆောင်တဲ့ အခါမှာဆိုရင်လည်း အမျိုးသမီးနှင့် မိန်းကလေးများအပေါ် ကျရောက်တဲ့ ဆိုးကျိုး သက်ရောက်မှု၊ အဓိက ဒီစစ်ရေးအရှိန်အဟုန် တွေ အရမ်းမြင့်နေတဲ့ အနေအထားမျိုးမှာ အခြားတစ်ဖက်မှာ အမျိုးသမီးနဲ့မိန်းကလေး၊ ထိလွယ်ရှလွယ်အုပ်စုတွေမှ ကြုံတွေလာနိုင်တဲ့ ဘေးအန္တရာယ်တွေ၊ အကြမ်းဖက်မှု တွေ ထည့်သွင်းစဉ်းစားပြီးမှ ကြိုတင်ရေးဆွဲ စီစဉ်ပေးမှုတွေလည်း အရမ်းအားနည်းနေသေးတဲ့ အတွက် ကြောင့်မို့ အခုချိန်မှာဆိုလျှင် ဒီမြေပြင်မှာ အမျိုးသမီးတွေအတွက် လုံခြုံရေးရော၊ အကြမ်းဖက်မှုနဲ့ ပတ်သက်တဲ့ အပိုင်းမျိုးမှာဆိုရင်ရော၊ ပါဝင်မှုအပိုင်းမှာဆိုရင်လည်း အများ ကြီးလိုအပ်နေသေးတဲ့ အနေအထား မှာရှိပါတယ်။

နော်ဆဲဆဲ

ဦးဆောင်ဆွေးနွေးသူ

ကျမတို့ အမျိုးသမီး ငြိမ်းချမ်းရေးနှင့် လုံခြုံရေးကိစ္စ ပြောလိုရှိရင် တချို့ကိစ္စတွေက အရေး မကြီးသေးဘူး။ ဒါတွေက စစ်ရေးတွေ တခြားအရေးတွေက ပိုအရေးကြီးတယ်။ တကယ်တမ်း ဆိုရင် ကျမတို့ အမျိုးသမီး ငြိမ်းချမ်းရေးနှင့် လုံခြုံရေးရဲ့ အဓိက အနှစ်သာရက ဒီအကောင်အထည်ဖော် ဆောင်ရွက်မှုတွေမှာ လက်ရှိ စစ်ပဋိပက္ခ ဖြစ်နေတဲ့ ကာလမှာရော၊ ဖြစ်ပြီးကာလရော လုပ်ဆောင်ဖော်ဆောင်ရမှာ အကောင်အထည်ဖော်ဆောင် ရမှာဖြစ်တယ်။ ဆိုတော့ ဒါတွေကလည်း ကျမတို့ ဒီနေ့ဒီအချိန်အထိ အထူးသဖြင့် ဆရာမလွေးပကေးဂျား က တအောင်းအမျိုးသမီး အဖွဲ့အစည်း၊ ဒေသဖက်ကို ဖလှယ်ပေးတယ်။ ကျမတို့သိလိုက်ရတာ ကတော့ ဒီparticipationဘဲပြောပြော၊ preventionဘဲပြောပြော၊ protectionဘဲပြောပြော အားနည်းနေသေးတယ်။ အသိအမှတ်ပြုခံရတာတွေ နည်းနေသေးတယ်။ ထည့်သွင်းစဉ်စားမှု တွေ နည်းနေသေးတာတွေကို ကျမတို့ကြားရပါတယ်။

မော်ပရေးမြာ

ဉက္ကဋ္ဌ (ကရင်နီအမျိုးသမီးအစည်းအရုံး)

အမျိုးသမီး ငြိမ်းချမ်းရေးနှင့် လုံခြုံရေး အထူးသဖြင့် အမျိုးသမီးတွေရဲ့ အခန်းကဏ္ဍ၊ စိန်ခေါ်မှုမသွားခင်မှာ အကြမ်းဖက်စစ်တပ်သည် ၂၀၂၁ ခုနှစ် တဖန် အာဏာသိမ်းဖို့ ကြိုးစားတဲ့ နောက်ပိုင်းမှာဆိုလျှင် ကျမတို့ ကရင်နီပြည်နယ် အနေအထားအရ ဒီနိုင်ငံရေး၊စစ်ရေးလည်း အားကောင်းလာတယ်။ တပြိုင်နက်ထဲမှာဘဲ ကိုယ်ပိုင်ပြဌာန်းခွင့်ကိုလည်း လက်တွေ့ အကောင်အထည်ဖော်နိုင်အောင် ကြိုးစားနေတဲ့ ပြည်နယ်တစ်ခုလို ပြောရင်လည်း မမှား ပါဘူး။ဆိုတော့ကျမတို့ ဒီလိုမျိုး လက်တွေ့အကောင်အထည်ဖော် လုပ်ဆောင်နေတဲ့ ကဏ္ဍ မှာဆိုလျှင် အထူးသဖြင့် အမျိုးသမီးတွေ ကဏ္ဍပေါင်းစုံ၊ နယ်ပယ်ပေါင်းစုံ ပါဝင်လာကြတာကို တွေ့ရတယ်။ သို့ပေမယ့် ဒီနိုင်ငံရေး၊ အုပ်ချုပ်ရေး၊ စစ်ရေးတွေမှာ ဆိုလိုရှိရင်တော့ ဦးဆောင်မှုအခန်းကဏ္ဍတွေက နည်းနေ တုန်းဘဲ။ဆုံးဖြတ်ချက်ချတဲ့ အဆင့်အထိပေါ့နော်။ အများအားဖြင့် ဦးဆောင်ဦးရွက်ရတဲ့နေရာ၊ ဆုံးဖြတ်ချက်ချရတဲ့ နေရာဆိုရင်လည်း အများစုက အမျိုးသားပါဝင်နေတာကိုလည်း တွေ့ရတယ်။ တစ်ဖက်မှာ ပါနေတဲ့ အမျိုးသမီးတွေရဲ့ လုပ်ရည်ကိုင်ရည်အပေါ် အသိအမှတ်ပြုတာမျိုးတွေ၊ တဖက်မှာ သူတို့ရဲ့ လိုအပ်ချက်တွေကို အလေထားပေးတာမျိုး၊ အားပေးမြှင့်တင်တာမျိုးတွေက အင်မတန်နည်းနေတုန်းဘဲဆိုတော့ ဒါလေးကို အချုပ် အနေနဲ့ အရင်ပြောချင်ပါတယ်။

“ကျမတို့ ပြည်နယ်နေအထားက ကြိုတင်ကာကွယ်မှုပြောတဲ့အခါမှာ ကျမတို့ရဲ့ စစ်ပဋိပက္ခနဲ့ဆက်နွယ်နေတဲ့ ခုနကပြောတဲ့ ဒီလိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုတွေက ယခင်ကထက်အများကြီးတိုးပွားလာတာမျိုးတွေရှိတယ်။ ဘာလို့လဲဆိုလျှင် ၂၀၂၁ ခုနှစ်ကတည်းက ကျမတို့အထူးသဖြင့် အမျိုးသမီးတွေ မြေပြင်မှာဆိုလျှင် ကိုယ်ရဲ့ ကျေးရွာတွေမှာ နေထိုင်လို့မရဘူး။ ဘာဖြစ်လို့လဲဆိုတော့ မြို့နယ်အလိုက် တောတောင်ထဲမှာဘဲ သွားပြီး နေထိုင်ကြရတာကပိုများတယ်။ ဆိုတော့ အဲလို့ သွားနေထိုင်တဲ့အခါမှာ အကြမ်းဖက်စစ်တပ်တွေက လေယာဥ်ကို အသုံးပြုပြီးတော့မှ ပြည်သူလူထုတွေရှိတဲ့နေရာမှာ လေယာဥ်နဲ့ ဗုံးကြဲတယ်။ ဒီစစ်ကောင်စီတွေက စစ်ရာဇဝတ်မှု ကို ပြောင်ပြောင်တင်းတင်း ကျူးလွန်တယ်။ အထူးသဖြင့် လေယာဥ်ဗုံးကြဲလိုက်ပြီဆိုလျှင် အများဆုံးက ကလေး၊ ကိုယ်ဝန်သည်။ တချို့ဆိုရင် မွေးလသားကလေးငယ်အမေတွေတောင်မှ သေဆုံးသွားတာမျိုးတွေရှိသည်။ ဒီလိုမျိုး မလုံခြုံတဲ့ နေရာမျိုးတွေကို အမျိုးသမီးတွေက နေ့ဓဓူဝ ကြုံရတဲ့အခါမှာ လုံခြုံတဲ့ နေရာဆိုတာက မရှိသလောက်ဘဲ။”

ဘာဖြစ်လိုလဲဆိုတော့ ဒီနေရာမှာ မလုံခြုံလို့ နောက်တစ်နေရာမှာ ထပ်ရွှေ့ရတဲ့အခါမှာ ဆိုလျှင်လဲထပ်ပြီးတော့မှ လက်နက်ကြီးထုတာတို့၊ နောက်ပြီးတော့မှ ဒရုန်းဖြင့်အသုံးပြုပြီးတော့ လေယာဥ်ဗုံးထပ်ကြဲတာတို့တွေက မကြာခဏ ဖြစ်တဲ့အခါကြတော့ အမျိုးသမီးထုတွေက ဒီဟာတွေကို စိတ်ပိုင်း၊ရုပ်ပိုင်းမလုံခြုံမှုတွေ အများကြီး ဖြစ်လာတယ်။ ဆိုတော့ အဲ့လိုမျိုးဖြစ်လာပြီဆိုရင် ဒီအမျိုးသမီးတွေက စိတ်ဒဏ်ရာဒဏ်ချက်တွေနဲ့ နောက်ပိုင်း သာမန်အနေအထား မဟုတ်တော့တဲ့ စိတ်ပိုင်းဆိုင်ရာ ခံစားနေရတဲ့စိတ် traumaပုံစံမျိုး မြင့်တင်လာမှုတွေလည်း ကျမတို့ တွေ့ရသလို တဖက်မှာဆိုလိုရှိရင်လည်း ဒီမလုံမခြုံမှုကြောင့် ကျန်းမာရေး အခြေခံကုသမှုအပိုင်းတွေ ဆိုလျှင် အထူးသဖြင့် ကိုယ်ဝန်သည်နှင့် (၂)နှစ်အောက် ကလေးတွေဆိုရင် ဆေးရုံဆေးခန်းနဲ့ လက်လှမ်းမှီမှု မရှိတော့ဘူး။

ထို့အပြင် တစ်နေရာနဲ့ တစ်နေရာ သွားလာလှုပ်ရှား လုပ်ကိုင်စားသောက်ဖို့ ဆိုတဲ့ဟာကလဲ ဒီလုံခြုံမှုမရှိတော့တဲ့အခါမှာ လွတ်လွတ်လပ်လပ်နဲ့ သွားလာလို့မရဘူး။

တဖက်မှာ အစောပိုင်းက တအာင်းဒေသက ဆွေးနွေးသွားသလိုဘဲ နေရာတိုင်းမှာက မိုင်းတွေရှိသေးတယ်။ မိုင်းတွေည မရှင်းလင်းသေးဘူး။ တချို့အမျိုးသမီးတွေဆိုရင် သူ့ကျေးရွာကို ပြန်လာပြီးကြည့်ချင်တာမျိုးတွေ၊ ခြံကို ပြန်ရှင်းချင်တာမျိုးတွေဆိုရင် မိုင်းတွေနင်းမိပြီး မသန်စွမ်းဖြစ်သွားတဲ့ ဘဝတွေ၊ တချို့ဆိုလိုရှိရင်လည်း မိုင်းနင်းမိပြီး အသက်ဆုံးရှုံးသွားတဲ့ သူတွေရော အများကြီးရှိတယ်။ ဆို့တော့ ဒါကဘယ်နေရာမှာမှ မလုံခြုံနေဘူး ဆိုတာကိုတွေ့နေရတယ်။

နောက်တဖက်မှာက တပြိုင်နက်ထဲမှာ စစ်ရှောင်နေရင်းနဲ့ အကြမ်းဖက်စစ်တပ်ရဲ့ စစ်ရာဇဝတ်မှု ကျူးလွန်တာ ခံနေရသည့်အပြင် တစ်ဖက်မှာ အမျိုးသားရဲ့ ပါဝါမညီမျှမှုကြောင့် အထူးသဖြင့် သည်ကာလအတွင်းမှာဆိုရင် အလုပ်အကိုင်အခွင့်အလမ်းတွေလည်း အရမ်းရှားပါးတဲ့ အတွက်ကြောင့်မို့ သေးသေးမွှားမွှားကနေ စကားများ ရန်ဖြစ်တာမျိုးတွေ၊ နောက်တခုက မူးယစ်ဆေးဝါး လွယ်လင့်တကူ ရရှိတာကနေ သုံးစွဲပြီးတော့မှ စိတ်ပျောက်သွားတဲ့ အနေအထားအထိ ကိုယ့်အမျိုးသမီးကို ရိုက်နှက်တာ၊ သွေးထွက်သံယိုရိုက်နှက်တာမျိုးတွေ၊ ပြီးလို့ရှိရင် ကလေးကို ပိုပြီးတော့ ထိခိုက်နာကျင်အောင် လုပ်မိတာမျိုးတွေ အရမ်းများလာတယ်။ ဒီလိုတရားဥပဒေ စိုးမိုးမှုအားနည်းနေသေးတဲ့ အခါမှာ ကျမတို့အမျိုးသမီးတွေက နစ်နာမှု(၂)ခါ၊ (၃)ခါ ခံရတဲ့ အခါမျိုးတွေရှိတယ်။ တစ်ဖက်မှာ ဆိုလို့ရှိရင်လည်း စောနလိုမျိုး ဒီလိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုတွေ ဆိုရင်လည်း တရားရေးအရ သွားရောက်ဖြေရှင်းတဲ့အခါမှာဆိုရင် စောနကျမပြောသလိုဘဲ လမ်းပန်းဆက်သွယ်ရေး ခက်ခဲတာမျိုးတွေ၊ လုံခြုံရေးအရ သွားလာမှုအဆင်မပြေတာမျိုးတွေ၊ အထူးသဖြင့် အုပ်ချုပ်ရေးအဆင့်၊ စစ်ရှောင်စခန်းအဆင့်၊စစ်အုပ်ချုပ်ရေးအဆင့်၊ ဓလေ့ထုံးတမ်းဖြေရှင်းမှုတွေ ပိုများလာတဲ့အခါမှာဖြေရှင်းဆုံးဖြတ်ချက်တွေက ကာယံကာရှင်အတွက် တရားမမျှတမှုဆိုတာတွေက တောက်လျှောက်ပိုများလာတယ်။ ဒါကလဲ ခုနက ဒီဥပဒေ စိုးမိုးမှုက ကျမတို့တော်တော်လေးမလုပ်နိုင်သေးတဲ့အခါ အထူးသဖြင့် အမျိုးသမီးတွေအတွက် အကာအကွယ် ပေးတဲ့ ဥပဒေတွေ၊ အမျိုးသမီးတွေအတွက် ဒီလိုဖြစ်လာပြီဆိုရင် တရားမျှတမှုရှိတဲ့နေရာတခုကို ဖန်တီးပေးတဲ့ အရာက အရမ်းအားနည်းနေတုန်းဘဲ။ အဲ့ဒါကြောင့် ကျမတို့ အမျိုးသမီးတွေက နစ်နာမှု ပိုများတာ မျိုးတွေရှိတယ်။

ထို့အပြင် စစ်ကောင်စီက ကျမတို့၂၀၂၃-၂၀၂၄ အစောပိုင်းမှာဆိုရင် တချို့မြို့နယ်တွေမှာ စစ်ကြောရေး သွားရင်းနဲ့ စစ်ရှောင်နေတဲ့ အမျိုးသမီးတွေ၊ ကိုယ်ဝန်သည်တွေ၊ ကလေးငယ်တွေကို ချန်လှပ်မထားဘဲနဲ့ လူသားဒိုင်းအဖြစ် အသုံးပြုပြီးတော့မှ လမ်းပြခိုင်းတာမျိုးတွေ၊ ပြီးရင်သူတို့မလိုအပ်တော့အခါကြရင် ပစ်သတ်လိုက်တာမျိုးတွေ ရှိတယ်။

ဒါတွေက ကျမတို့ လက်လှမ်းမီသလောက် ကေ့စ်တွေ၊ ကျမတို့ လက်လှမ်းမမီနိုင်တဲ့ တချို့ကေ့စ် တွေမှာဆိုရင် ဘယ်လောက်အထိ ရက်စက်ကြမ်းကြုတ်နေမလဲ၊ အမျိုးသမီးတွေက လုံခြုံမှုမရှိဘဲ အသက်ရှင် နေထိုင်နေရသည်ကို ပိုပြီးတော့ တွေ့မြင်နိုင်ကြမယ်ထင်ပါတယ်။

နောက်တခုက အထူးသဖြင့် ဒီအကာအကွယ် ပေးတဲ့နေရာမှာဆိုရင်လည်း စနစ်တကျ မူနဲ့ စည်းကမ်းချက်နဲ့ ထုတ်ပြန်ပြီးတော့ ကျမတို့ ပေးဖို့လိုအပ်တယ်လို့ ကျမမြင်တယ်။ ဘာကြောင့်လဲဆိုရင် ကျမတို့ အမျိုးသမီးတွေက စစ်ရှောင်ပြီးဆိုရင် တစ်နေရာပြီး တစ်နေရာ ရွှေ့ရတဲ့အခါမှာ အထူးသဖြင့် ကလေးငယ်နဲ့ ပါသွားတာမျိုးတွေ ဖြစ်တယ်။ ကလေးငယ်နဲ့ ပါသွားတဲ့အခါမျိုးမှာ ကလေးရဲ့ကျန်းမာရေးအခြေအနေ၊ စားဝတ်နေရေး။ သူတို့ ဦးစီးဦးဆောင်ပြီး မိသားစုတခုလုံးကို စီမံခန့်ခွဲတယ်။ တစ်ဖက်မှာ ဆိုရင်လည်း ဥပမာ – စစ်ရှောင်စည်းကမ်း ချမှတ်တဲ့ အခါမှာဆိုရင်လည်း အထူးသဖြင့် အမျိုးသမီးတွေ့ရဲ့အသံ၊ အမျိုးသမီးရဲ့ ကိုယ်စားပြု၊ အကာအကွယ် ပေးတဲ့ အမြင်သဘောထားတွေကို အများကြီးရယူဖို့ လိုအပ်တယ်။ တချို့အရာတွေက အရေးယူမှု အားနည်းတဲ့ အခါမှာ ဒီစည်းကမ်းချက် ထုတ်ပြန်လိုက်ပြီဆိုလို့ရှိရင် အမျိုးသမီးတွေအတွက် ပိုပြီးတော့ ထပ်နစ်နာတာမျိုးရှိတယ်။

ဆိုတော့ စောနက နည်းနည်းကိုးကားပြီး ပြောရမယ်ဆိုရင် ဓလေ့ထုံးတမ်းကို ကျင့်သုံးတဲ့အခါ တချို့ စည်းမျဉ်းစည်းကမ်းတွေက အမျိုးသမီးတွေအတွက် အကာအကွယ်မပေးတဲ့အပြင် ပိုပြီးတော့ ဖိနှိပ်သည့် အတွက်ကြောင့်မို့ ကျမတို့ အမျိုးသမီးတွေအတွက် တရားမမျှတ တဲ့အပြင် ပိုဖိနှိပ်တာမျိုးတွေလည်း ကြုံနေရတယ်။

အဓိကက “ကျမတို့ အမျိုးသမီးတွေရဲ့ အသံပါဝင်မှု၊ ပူးပေါင်းပါဝင်ခွင့်ပေးဖို့ အစောပိုင်း ကျမ ပြောသလိုမျိုး အသိအမှတ် မပြုမှုတွေရှိတယ်။ အားလုံးပြန်ကြည့်လိုက်ရင် အဓိက အတွေးအခေါ်က ကျမတို့ရဲ့ အသိုင်းအဝိုင်းက ဒီ Gender ရှုထောင့်ကနေ ထည့်သွင်းစဥ်းစားပြီးတော့မှ သွားရမယ့် အခါ၊ Gender လို့ပြောလိုက်ပြီးဆိုရင် အမျိုးသမီးတွေနဲ့ သက်ဆိုင်တယ်။ အမျိုးသားအတွက် မပါဘူး။ လို့ မြင်ကြတယ်။ ဆိုတော့ အတော်လေး ဒီစကားလုံး အတိုက်အခိုက်တွေက ကျမတို့ကြုံတွေ့ရတာမျိုးတွေ ရှိတယ်။”

အဓိကက ဒီအတွေးအခေါ်တွေက ခေတ်နဲ့လျော်ညီတဲ့ နိုင်ငံတကာရဲ့ စံနှုန်းတချို့ကိုလည်း ကိုးကားပြီးတော့မှ အသုံးပြုရမယ်လျှင် ကျမတို့ ပိုပြီးတော့မှ အခုကြားကာလသွားနေသည့် အခါမှာ အားလုံးအတွက် ထည့်သွင်းစဥ်စားပြီး တုန့်ပြန်တဲ့ဥပဒေ၊ တုန့်ပြန်တဲ့မူတွေက ပိုပြီး တော့မှ ပြည့်စုံတယ်ဆိုတဲ့တစ်ခုကိုထောက်ပြချင်တယ်။

“အချုပ်ပြောရမယ်ဆိုရင် အထူးသဖြင့် ဒီစစ်ပဋိပက္ခ နောက်ဆက်တွဲကြောင့် အမျိုးသမီးများအပေါ် အကာအကွယ်ပေးမှုတွေက အများကြီးအားနည်း နေသေးသည့်အတွက် အကြမ်းဖက်မှုတွေ ပိုဖြစ်လာတယ်။ ကျူးလွန်သူတွေကလည်း စစ်ကောင်စီအပါအဝင် ကျမတို့ရဲ့အာဏာရှိသူတွေ၊ နောက်ပြီးတော့ အရပ်သား ပြည်သူထဲက ပိုပြီးတော့ အာဏာပါဝါမညီမျှမှုကြောင့် အကြမ်းဖက်မှုတွေ ကင်းလွတ်ခွင့်ရှိနေတုန်းဖြစ်နေတဲ့ အနေအထားမျိုးကြုံနေရတယ်။ တဖက်မှာဆိုလျှင် ဥပဒေစိုးမိုးမှုအားနည်းတဲ့အပေါ်မှာဒီဓလေ့ထုံးတမ်းရဲ့ကျင့်ထုံးကျင့်စဥ်တွေ ပိုပြီးတော့အသုံးပြုလာတာက အမျိုးသမီးတွေအတွက် တရားမျှတမှု လက်လှမ်းမှီဖို့ အရမ်းအားနည်းနေတယ်ဆိုတာကို ထောက်ပြချင်ပါတယ်။”

နော်ဆဲဆဲ

ဦးဆောင်ဆွေးနွေးသူ

ကျမတို့ ဒီအချိန်ဒီတော်လှန်ရေးကာလမှာ ကရင်နီပြည်နယ်မှာဆိုရင် ခုနကဆရာမ မော်ဖရေးမြာ ပြောသလိုဘဲ တိုးတက်မှုတွေ နည်းနည်းတော့ ရှိလာတယ်။ အပြောင်းအလဲတွေလည်း နည်းနည်းလေး ရှိလာတယ် ဆိုပေမဲ့ စောနက ပြောသလိုဘဲ အမျိုးသမီးပါဝင်ရေးကိစ္စတွေ၊ ကာကွယ်ပေးမှုကိစ္စတွေ၊ ကြိုတင်တားဆီးကာကွယ်ခြင်း ကိစ္စရပ်တွေရဲ့ အကြပ်အတည်းတွေကတော့ ဆက်လက်ကြုံတွေ့ရင်ဆိုင်နေရတဲ့ အနေအထားမှာ ဆက်လက် ရှိနေသေးတယ်။ ဆက်ပြီးတွန်းရမယ်။လုပ်ဆောင်သွားရမည့် အပိုင်းတွေမှာလည်း အတူတူ ဆွေးနွေးပေးသွား တာတွေ အများကြီးတွေ့ရတယ်။

နောက်ဆရာမတယောက် စစ်ကိုင်းတိုင်းအထက်ပိုင်း ကူကီးဒေသမှာ လှုပ်ရှားဆောက်ရွက်နေတဲ့ ဆရာမဘွိုင်နူးကို ဖိတ်ခေါ်ချင်တယ်။ ကျမတို့ ခုနက ပြည်နယ်အခြေခံ၊ လူမျိုးအခြေခံတဲ့ အခြေအနေတွေကို နားထောင်ပြီးပြီ ဆိုတော့ ကျမတို့ စစ်ကိုင်းတိုင်းအထက်ဘက်မှာရှိနေတဲ့ လူမျိုးတွေရဲ့ ပြည်သူတွေ့ရဲ့ အခြေအနေလေးကို တင်ပြပေးဖို့ ဆရာမကို ဖိတ်ခေါ်ချင်ပါတယ်။ အထူးသဖြင့် ဒီအမျိုးသမီး ငြိမ်းချမ်းရေးနှင့် လုံခြုံရေး ကိစ္စရပ် အကြပ်အတည်းတွေ စိန်ခေါ်မှုတွေက ဘာတွေလဲ။

ဘွိုင်နူး

အထွေထွေအတွင်းရေးမှူး (ကူကီးအမျိုးသမီးများဆိုင်ရာ လူ့အခွင့်အရေး အစည်းအရုံး)

ပထမဆုံးအနေနဲ့ ပြောချင်တာက မြန်မာနိုင်ငံမှာ နေထိုင်တဲ့ ပြည်သူလူထုတွေက အရမ်းကို စုံလင်ကွဲပြားတယ်။ လူမျိုးတစ်မျိုးနဲ့တစ်မျိုးက လုံးဝမတူဘူး။ ပြီးတော့လဲ ဓလေ့ထုံးတမ်းတွေ၊ ယဉ်ကျေးမှုတွေလည်း လုံးဝမတူကြဘူး။ တချို့တွေက နည်းနည်းနီးနီးစပ်စပ်တော့ရှိလိမ့်မယ်။ ဒါပေမယ့် တအားကြီး ထပ်တူကြတာတော့ မဟုတ်ဘူး။ အဲ့ဒါမျိုးတွေ ကွဲလွဲတဲ့ မြန်မာနိုင်ငံမှာရှိတဲ့ လူမျိုးပေါင်းစုံရှိတယ်။ ဆိုတော့ နဂိုကတည်းက နိုင်ငံက တည်တည် ငြိမ်ငြိမ်ဖြစ်နေတုန်းကလည်း ဒီအမျိုးသမီးတွေက နည်းမျိုးစုံနဲ့ အကြမ်းဖက် ခံနေခဲ့ကြရတာ ဆိုတော့ အဖွဲ့ချုပ် အနေနဲ့လည်း ဒီနေ့ဒီအချိန်အထိဘဲ တစိုက်မတ်မတ် ပြောလာတာတွေ ရှိတယ်။ ဒီမတရားအာဏာ သိမ်းပြီးနောက် ပိုင်းမှာဆိုလိုရှိရင် ပိုပြီးတော့မှ နေရာတိုင်းမှာ ပိုပြီးမှ ဆိုးဝါးတဲ့ပုံစံမျိုးစုံနဲ့ ထပ်ပြီးမှ အမျိုးသမီးတွေ အရင်က ထက်စာရင် ပိုပြီးအကြမ်းဖက်မှုတွေ ပိုခံနေရတယ်။

ဒါက ကျူးလွန်တဲ့လူတွေကလည်း အမျိုးအမျိုးအဖုံအဖုံရှိတယ်။ လူမျိုးစုံတယ်။ ဒီဖက်ကမို့လို့၊ ဟိုဖက်ကမို့လို့ လိုပြောလို့မရဘူး။ ကျူးလွန်တဲ့သူက လူမျိုးစုံတယ်။ ဆိုတော့ ဒီလိုမျိုးတွေဖြစ်နေတဲ့ နေရာမှာ ကျမတို့ အမျိုးသမီးအဖွဲ့တွေ အနေနဲ့က ဘယ်လိုလုပ်ရလဲဆိုရင် ရှေးတန်းမှာ ကျမတို့တွေက ကျမတို့ရဲ့ အမျိုးသမီးတွေကို ဝန်ဆောင်မှုဘဲ ပေးနိုင်တဲ့အခြေအနေတွေမှာ ရှိနေတယ်။ ယခုလက်ရှိ အခြေအနေအရ ကြိုတင်ကာကွယ်မှုတွေ လည်း ကျမတို့ မလုပ်ပေးနိုင်ဘူး။ မဖြစ်လာအောင် ဘယ်လိုမျိုး လိုက်ပြီးပြောနေပေမယ့်လဲ မြေပြင်မှာက တကယ့် လက်တွေ့မှာက ဒီဟာက အရမ်းကိုဝန်ဆောင်မှုပေးနေတဲ့ အခြေအနေသဘောဘဲ ရှိနေတယ် ။ အဲ့ဒီဟာက ဘယ်လို၊ ဘာကြောင့်ဖြစ်တာလဲဆိုလိုရှိရင် ဒီအမျိုးသမီးတွေ အကြမ်းဖက်ခံနေရမှုတွေကနေ လျော့နည်းပပျောက်အောင် ကျမတို့ အမျိုးသမီးတွေဘဲ လုပ်မှာမှမဟုတ်တာ။ ဒီမှာရှိနေတဲ့ မြေပြင်မှာ “ဥပမာဆိုလိုရှိရင် ကျမတို့ နေထိုင်တဲ့ စစ်ကိုင်းတိုင်း။ စစ်ကိုင်းတိုင်းဆိုလိုရှိရင် ပထဝီအနေအထားအရ အရမ်းကျယ်တယ်။ ပြီးရင်နေထိုင်တဲ့ လူမျိုးစုတွေကလည်း အများကြီးရှိတယ်။ ပြီးလို့ရှိရင် အကုန်လုံးသိတဲ့အတိုင်းဘဲ အဖွဲ့လည်းများတယ်။ ဒါပေမယ့် ဒီအရှိအတိုင်းရှိနေတဲ့ အဖွဲ့တွေတိုင်းမှာတော့ **On paper** အနေနဲ့တော့ အမျိုးသမီးအရေးပြောကြတယ်ဆိုရင် **On paper**မှာတော့ ပြောနေကြတာဘဲ။ ဒါပေမယ့်လည်း လက်တွေ့မှာ လိုက်ပြီးလုပ်ဆောင်နိုင်ဖို့က အရမ်းကို အခက်အခဲဖြစ်နေတယ်။ ဒါကလည်း မပြောတတ်ဘူး။ ဘယ်လိုအခြေအနေတွေ ဆက်လာအုံးမလဲ။ ဒါပေမယ့် လည်း ပြဿနာဖြစ်ပြီဆိုလို့ရှိရင် လုံးဝကို ခံနေရတာ ကျမတို့ အမျိုးသမီးတွေဘဲ။ ဆိုတော့ ခုနတုန်းက ဆရာမ ကျယောက်ပြောသွားတယ်ပေါ့နော၊ ဟိုကရင်နီဖက်မှာရော၊ ဒီဖက်တအာင်းဒေသမှာရော ဆိုတော့ ပြောသွားတဲ့ အချက်တွေကလည်း အကုန်လုံးက တနိုင်ငံလုံးမှာဖြစ်နေတာဘဲ။ လက်ရှိအခြေအနေတွေမှာ အမျိုးသမီး ဘယ်နားမှာရှိနေတဲ့ အမျိုးသမီးတွေမဆိုအကုန်လုံးက ဒီလိုမျိုးကိစ္စရပ်တွေမှာ အကုန်ကြုံနေရတယ်။

အဲ့ဒီအပြင် ကျမတို့ အမျိုးသမီးတွေအတွက် ဝန်ဆောင်မှုပေးနေတဲ့၊ ကူညီပေးနေတဲ့ ကျမတို့ အမျိုးသမီး အဖွဲ့တွေ၊ အထဲမှာရှိနေတဲ့ အမျိုးသမီးတွေရဲ့ လုံခြုံရေး၊ ကျမတို့တွေရဲ့ လုံခြုံရေး အတွက်လည်းကျမတို့က တစ်ဖက်မှာ စိုးရိမ်ရတယ်။ အာမခံချက်မရှိဘူးလိုပြောရမလား။ ဘာလို့လဲဆိုရင် ခုနက ပြောသလိုဘဲ **On paper** မှာတော့ ရှိနေကြတယ်။ ဒါပေမယ့် တကယ့်လက်တွေ့မှာ လိုက်ပြီးလုပ်ဆောင်ဖို့ အတွက်က အရမ်းကို အခက်အခဲ ဖြစ်နေတယ်။ မလုပ်နိုင်ကြဘူး။ အဲ့ဒီအပြင်ကို

> အဲဒီအပြင်ကို“အကြမ်းဖက်ခံရတဲ့ အမျိုးသမီးတွေကို ကူညီကယ်ဆယ်ဖို့ သူတို့တွေအတွက် ကြိုတင်ကာကွယ်ဖို့တွေကို လိုက်ပြီးပြောနေတဲ့၊ လုပ်နေတဲ့၊ ကျမတို့တွေ၊အမျိုးသမီးအဖွဲ့တွေ ကိုယ်တိုင်ကလည်း ကျမတို့တွေရဲ့ လုံခြုံရေးနဲ့ ပတ်သက်လို့ရှိရင် ကျမတို့အတွက် အရမ်းကို စိန်ခေါ် ချက် ဖြစ်နေတယ်။”

ပြောရမယ်ဆိုရင် လက်ရှိအခြေအနေမှာ အရမ်းကို အခက်အခဲတွေ အများကြီးရှိတယ်။ ဒါပေမယ့်လည်း အကုန်လုံး သက်ဆိုင်ရာဆိုင်ရာခေါင်းဆောင်တွေ အကုန်လုံးရဲ့ စိတ်ထဲမှာကတော့ ဒီအချက်ကို **On paper** အနေနဲ့ မဟုတ်ဘဲနဲ့ ကျမတို့တွေ လုံးဝဘယ်လိုဆက်လုပ်သွားကြမလဲ။ တကယ့်ကို ထိထိရောက်ရောက်ဖြစ်အောင် ဘယ်လိုလုပ်ရမလဲ။ အခုသွားနေတဲ့ ကျမတို့ရဲ့ နိုင်ငံအသစ်ပြုပြင်ပြောင်းလဲနေတဲ့ နိုင်ငံအသစ်ဖြစ်လာမယ့် အခါကျရင် ကျမတို့ရဲ့ နိုင်ငံထဲမှာရှိနေတဲ့ အမျိုးသမီးတွေအနေနဲ့က လုံးဝကိုတရားမျှတမှုရှိရှိနဲ့ တန်းတူအခွင့်အရေး ၊ အမျိုးသမီး အတွက်ဘဲ မဟုတ်ဘဲ လူတိုင်းအတွက် ဒီအရွေ့ကိုသွားနိုင်ဖို့က ကျမတို့တွန်းရမယ်လို့မြင်ပါတယ်။

နော်ဆဲဆဲ

ဦးဆောင်ဆွေးနွေးသူ

အထူးသဖြင့် အမျိုးသမီး ငြိမ်းချမ်းရေးနှင့် လုံခြုံရေး စိန်ခေါ်မှု အကြပ်အတည်းတွေကတော့ တကယ်တမ်း ဆိုရင် စောနက ပြောသလိုဘဲ တနိုင်ငံလုံးအတိုင်းအတာတော့ အထူးသဖြင့် လုံခြုံရေးကိစ္စရပ်အတွက် အကြပ်အတည်း စိန်ခေါ်မှုတွေတော့ အများကြီးရှိတယ်။ ကျမတို့ ဒီညနေ ဒီနေ့ဒီစကားဝိုင်းမှာ လေ့လာထား ဆွေးနွေးသွားတဲ့ အပေါ်မှာလည်း ကျမတို့ တချို့ နေရာတွေကတော့ အပြောင်းအလဲရှိတယ် ဆိုပေမယ့် ဒီစာရွက်ပေါ်မှာဘဲ ရှိနေတာမျိုး။ဒါမှမဟုတ် အသိအမှတ်မပြုတာမျိုး၊ အကြပ်အတည်းဆက်ရှိနေတဲ့ဟာမျိုးကို ကျမတို့ကြားရတယ်။ တချို့က အသိအမှတ်လုံးဝမပြုဘူး။ ကိုယ့်ဟာကိုယ့်ရုန်းကန်နေရတယ်။ လုပ်ယူနေရတယ်။ ဆိုတဲ့ အနေအထား မှာလည်း ရှိတယ်။ ပြီးရင် တချို့ကကြတော့လက်ခံတယ်။ ဒါပေမယ့် တကယ်လက်တွေ့အကောင်အထည်ဖော်မှုမှာ အရမ်းအားနည်းနေတယ်။ ဦးစားပေးမှု မရှိနေဘူးဆိုတဲ့ အများကြီး ဆွေးနွေးဖလှယ်သွားတာကို ကျမတို့ ကြားရ တယ်။ ဆိုတော့ ကျမတို့ အမျိုးသမီး ငြိမ်းချမ်းရေးနှင့် လုံခြုံရေးကိစ္စနဲ့ ပတ်သက်ပြီးတော့ ကျမတို့ ဒီဆက်လက်ပြီးတော့ နောက်တစ်ပိုဒ်မှာ ဘယ်လိုဆက်လုပ်ရမလဲ။ ဘာတွေလုပ်သင့်တယ်ဆိုတဲ့ အကြံပြုချက် ကိုတော့ ကျမတို့ နောက်တစ်ပိုဒ်အနေနဲ့ ဆက်မေးသွားမယ်။

ကျမတို့နောက်တခု ပြောသွားတဲ့အထဲမှာတော့ လွှမ်းခြုံတယ်။ အထူးသဖြင့် ပါဝင်ရေးကိစ္စရပ်တွေ၊ ကြိုတင် တားဆီးကာကွယ်ခြင်းကိစ္စတွေ၊ အကာအကွယ်ပေးတဲ့ကိစ္စတွေ ဒါပေမယ့် ဒီတခေါက်ရဲ့ ကိစ္စရပ်က ကျမတို့ အဓိက ဆွေးနွေးပေးစေချင်တာက ကျမတို့ ဒီနေ့ဒီအချိန်အထိကတော့ ပဋိပက္ခတွေက မြေပြင်မှာ ဆက်ဖြစ်နေတယ်။ ပြင်းထန်နေတဲ့အပြင် အထူးသဖြင့် စစ်ရေးလှုပ်ရှားမှုတွေကလည်း အရမ်းအရှိန်အဟုန်နဲ့သွားနေတယ်။ တစ်ဖက်မှာလည်း ထိုးစစ်ဆင်မှုတွေလည်း ကျမတို့လေယာဉ်ဖြစ်ဖြစ်၊လက်နက်ကြီးဖြစ်ဖြစ် ကျမတို့ တိုင်းရင်းသားဒေသ မှာလည်း ဒေသအနှံ့အပြားမှာလည်း ခံနေရတယ်ဆိုတော့ အဲ့ဒီလိုမျိုးဖြစ်ပျက်နေတဲ့ အခြေအနေတွေကြောင့် ကျမတို့ ခုနကဆရာမတွေဆွေးနွေးသွားတဲ့ နောက် ဆက်တွဲဖြစ်လာတဲ့ IDPs ကိစ္စရပ်တွေ၊ ဖြစ်လာတဲ့ ဒီမလုံမခြုံမှုကိစ္စရပ်တွေ၊ ဒီအခြေခံလိုအပ်ချက် ကိစ္စရပ်တွေအပေါ်မှာ ကျမတို့ ဒီနေ့အမျိုးသမီးခေါင်းဆောင် သုံးယောက်ကလည်း ထဲထဲဝင်ဝင်အထူးသဖြင့် ဒီလူသားချင်းစာနာထောက်ထားမှုကို ပါဝင်ဆောင်ရွက်ပေးတာ ရှိတဲ့ အတွက်ကြောင့် ကျမတို့သည် မေးခွန်းကိုတော့ အထူးသဖြင့် လူသားချင်းစာနာထောက်ထားမှုနှင့် ပတ်သက်ပြီး ကျမတို့ ဆွေးနွေးဖော်ထုတ်သွားမှာ ဖြစ်တယ်။

မေးခွန်း (၂)

လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကြပ်အတည်း၊ လူသားချင်းစာနာထောက်ထားမှု အကူအညီ အတွက် စစ်ရှောင်စခန်းများရှိ အမျိုးသမီးများရဲ့ အခြေခံ လိုအပ်ချက်များကို ဘယ်လို ဖြည့်ဆည်းပေးနေပါသလဲ? ဘယ်လောက်အတိုင်းအတာအထိ ဖြည့်ဆည်းပေးနိုင်ပါသလဲ။ ဘယ်သူတွေ၊ ဘယ်အဖွဲ့စည်းများက အကူညီပေးနေပါသလဲ?

နော်ဆဲဆဲ

ဦးဆောင်ဆွေးနွေးသူ

ဆရာမမော်ဖရေးမြာရေ အထူးသဖြင့် ဒီကရင်နီဒေသမှာ လူသားချင်းစာနာထောက်ထားမှုနှင့် ပတ်သက်တဲ့ အကူအညီပေးရေးကိစ္စရပ်တွေမှာ ဒီလက်ရှိအခြေအနေမှာ ကျမတို့အကြပ်အတည်း၊ အခက်အခဲစိန်ခေါ်မှုတွေက အများကြီးရှိတယ်။ ဒါပေမယ့် အထူးသဖြင့် အမျိုးသမီးတွေ ဒီမတူကွဲပြားတဲ့ အမျိုးသမီးအလွှာတွေဘဲပြောပြော၊ အမျိုးအစားတွေအပေါ်မှာဘဲပြောပြော အဲ့ဒီအပေါ်မှာ နည်းနည်းလေး highlightလုပ်ပြီး ဒီကရင်နီဒေသ အခြေအနေကို ပြောပြပေးစေချင်ပါတယ်။ ဒီလူသားချင်းစာနာထောက်ထားမှုကို မဆောင်ရွက်တဲ့ နေရာမှာ ဆရာမ အနေနဲ့ တွေ့ကြုံရင်ဆိုင်နေရတဲ့ အခက်အခဲ၊ စိန်ခေါ်မှုတွေ၊ အကြပ်အတည်းတွေကို မျှဝေပေးဖို့ ဖိတ်ခေါ်ချင် ပါတယ်။

မော်ဖရေးမြာ

ဥက္ကဌ (ကရင်နီအမျိုးသမီးအစည်းအရုံး)

ဟုတ်ကဲ့ပါ။ ကျမတို့သည် လူသားချင်းစာနာထောက်ထားမှု အကူအညီ လုပ်ဆောင်တဲ့ အခါမှာစိန်ခေါ်မှုတွေ လည်းအများကြီးရှိတယ်။

အထူးသဖြင့် ကိုယ်ဝန်သည်တွေပေါ့နော်။ ကိုယ်ဝန်သည်အမျိုးသမီးတွေအတွက် ပိုပြီးတော့အခြေခံ ကျန်းမာရေး စောင့်ရှောက်မှုတွေ အားနည်းနေတယ်။ အခုကာလမှာ လူထုတွေအကြားမှာ ဒီအခြေခံကျန်းမာရေးဆိုင်ရာ အသိပညာပေးမှုတွေက နိုင်ငံရေးကောင်းတုန်းကတောင်မှ လက်လှမ်းမှီမှု အားနည်းကြတယ်။ ဆိုတော့ ဒီကာလ မှာက ပိုပြီးတော့ ခက်ခဲတယ်။ ဒီအခြေခံ ကျန်းမာရေးနှင့် ပတ်သက်တဲ့ အသိပညာပေးမှု အားနည်းတဲ့ အခါမှာ တချို့စစ်ပဋိပက္ခ အတွင်းမှာဘဲ ကိုယ်ဝန်လွယ်ရင်းနဲ့ အခက်အခဲမျိုးစုံ ကြုံနေရတဲ့ အမျိုးသမီးတွေရှိတယ်။ တချို့ဆိုရင် ကိုယ်ဝန်စရတာကိုလည်း သူတို့သတိမထားတာမျိုးတွေ ရှိသလို၊ ကိုယ်ဝန်ရှိပြီဆိုတာကို သိတဲ့အခါမှာ လေးလ၊ငါးလ ကျော်သွားတာမျိုးတွေလည်းရှိတယ်။ အဲ့လိုမျိုးဖြစ်တဲ့ အချိန်မှာဆိုလိုရှိရင် တချို့စစ်ရှောင်တွေမှာ သွားပြီးတော့မှ ရှောင်ရင်းနဲ့ လေယာဉ်လာကြဲတာမျိုး၊ လက်နက်ကြီးထုတာမျိုးတွေ ဖြစ်တဲ့အခါမှာ ဗိုက်တလုံး ရှိမှန်းမသိဘဲနဲ့ ပြေးလွှားနေရတဲ့အခါမှာမျိုးဆိုရင် တစ်ချို့ဆိုရင် စိတ်ဒဏ်ရာဒဏ်ချက်နဲ့။ ပြီးတော့ သာမာန် ကိုယ်ဝန်သည် တစ်ယောက်အနေနဲ့ ဘယ်လိုဂရုစိုက် ပြုမူနေထိုင်ရမလဲ၊ သိရှိမှုတွေက အားနည်းတဲ့ အခါမှာ တစ်ချို့ဆိုရင်၂လ၊၃လနဲ့ ကိုယ်ဝန်ပျက်ကျတာမျိုးတွေလဲ ရှိလာတယ်။ တစ်ချို့ဆိုရင်လည်း လရင့်ပြီးမှ ဗိုက်ထဲ ကလေးသေသွားတာမျိုးလဲ ရှိတယ်။

“ကျမတို့ကတော့ ပညာရှင်မဟုတ်ပေမယ့် သူတို့နဲ့တွေ့ဆုံပြီး ဆွေးနွေးတဲ့ အခါမှာဆိုရင် အများအားဖြင့် သူတို့ကတော့ ကိုယ်ဝန်စဆောင်တဲ့ အချိန်မှာ ကာကွယ်ဆေးတွေ အချိန်မှီ မထိုးနိုင်တာမျိုးတွေ၊ ကာကွယ်ဆေးက တစ်လနဲ့တစ်လ ထိုးတာမတူတဲ့အပေါ် ဆေးရုံး၊ဆေးခန်းကို သွားပြီးထိုးတဲ့အခါမှာ ဆေးဝါးမလုံလောက်တာ မျိုးတွေ၊ နောက်တစ်လမှ ပေါင်းထိုးလိုက်ရတာမျိုးတွေ အဲ့လိုမျိုးကြုံနေရတဲ့ ပြဿနာတွေ ရှိတယ်။ တစ်ချို့က ကိုယ်ဝန်အားဆေးကို ဆေးရုံးဆေးခန်းမှာ မရှိသည့်အတွက်ကြောင့် သူတို့လိုင်းပေါ်မှာ ဝယ်ပြီးသုံးနေရတာမျိုး ရှိတယ်။ ဒါကလည်း ဘယ်လောက်ထိ ဆိုးကျိုးရှိတယ်။ မရှိဘူးဆိုတာလဲ သူတို့သိရှိမှုအားနည်းတယ်။ ဘယ်လို နောက်ဆက်တွဲ ဖြစ်လာမလဲ၊ ပြီးရင်ကလေး လသားမွေးလာတဲ့အခါမျိုးမှာဆိုရင် အာဟာရအုပ်စု သုံးအုပ်စု မပြောနဲ့ ကိုယ်တိုင်ထမင်းနပ်မှန်ဖို့အတွက် ကြိုးစားနေရတဲ့ အနေအထားမျိုးမှာ ကလေးအတွက် လအလိုက် စားသောက် ရမည့် အစားအသောက်တွေလည်း သူတို့မှန်မှန်ကန်ကန် မစားသောက်နိုင်ဘူး။ အထူးသဖြင့် ဝါးမြစ်ပေါ်တဲ့ အချိန်ဆိုရင် ဝါးမြစ်ကို ပြုတ်လိုက်တယ်။ ကြော်လိုက်တယ်။ အခြောက်လှန်းလိုက်တယ်။ ပြီးရင်တစ်ခါ ပြန်ကြော် စားတယ်။ အဲ့လိုမျိုးပေါ့နော်။ တကယ်ကိုအာဟာရသုံးအုပ်စုညီမျှဖို့ဆိုသည်အချက်ကိုက ဝင်ငွေမရှိဘူး။ ပြီးရင် ဝင်ငွေရမည့်အလုပ်တွေက လည်း တောင်ယာ၊ လယ်ယာလုပ်လို့လဲ မရဘူး။ နေ့စားခ သွားလုပ်လို့ ရမည့် အနေအထားလည်း မရှိဘူး ဆိုတော့ ဒါကတော့ အဓိက ကိုယ်ဝန်ဆောင်မွေးတဲ့သူတွေက နောက်ဆက်တွဲ ကျန်မာရေး ဆိုးဝါးမှုက တော်တော်လေး ဖြစ်လာတယ်။ တစ်ချို့ဆိုရင် မွေးပြီးတော့မှ ဗိုက်တွေက နည်းနည်း ဖောင်းလာတဲ့အခါမျိုးဆိုရင်ဒါရိုးရာအရသူ့အမေစားတာက “ဥပမာလေဆေးဖြစ်တဲ့ အရာတွေ သူ့အမေက စားမိလို့ကလေးက ဒီလိုဖြစ်တာ ဆိုတဲ့ ရှေးခေတ်ရဲ့ ဘိုးဘွားဘီဘင်ရဲ့ လက်ဆင့်ကမ်းလာတဲ့ အသုံးအနှုန်းတွေကို ယုံကြည်ပြီး ကလေးကတာခုခုခံစားနေရတာကို ဆေးရုံဆေးခန်းကို အချိန်မီမပြဘဲနဲ့ ကလေးဆုံးသွားတာမျိုး ရှိတယ်။”

တချို့ဆိုရင် မွေးဖွားလာတဲ့ ကလေးငယ်တွေက မသန်မစွမ်းဖြစ်တာတွေ များလာတယ်။ ဒီလိုဖြစ်လာပြီဆိုရင် ဆေးရုံးဆေးခန်း သွားကုရအနေအထားမျိုးကလည်း ဒီရောဂါကို လုံးဝကုသပေးနိုင်တဲ့ ကျွမ်းကျင်တဲ့ ဆရာဝန်က အရမ်းနည်းတယ်။ အဲ့လိုမျိုးဖြစ်တဲ့အခါ တကယ်အခြေခံ ကျန်းမာရေး ပြုစုစောင့်ရှောက်မှုနဲ့ ပတ်သက်လို့ရှိရင်တော့ အမျိုးသမီးကိုယ်ဝန်သည်မိခင်တွေ၊ သက်ကြီးရွယ်အိုတွေ အတွက်ကတော့ တော်တော်လေး ခံစားရတယ်ဆိုတာ နည်းနည်းပြောချင်တယ်။

နောက်တစ်ဖက်မှာကျတော့ ဒီလူသားချင်းစာနာထောက်ထားမှု အကူအညီလုပ်တဲ့ အခါမှာဆိုရင် ကရင်နီအနေအထားနဲ့က နိုင်ငံတကာရဲ့ အကူအညီကို လုံးဝမရဘူး။ ဘာကြောင့်လဲဆိုရင် အရင်းတုန်းက စစ်ကောင်စီကနေတဆင့် UN အဖွဲ့တွေက ကူလာတာဆိုလို့ရှိရင် ရှမ်းနယ်စပ် တစ်ချို့။ သူတို့နဲ့ နီးစပ်တဲ့ စစ်ရှောင်စခန်း လောက်ဘဲကူတယ်။ ကရင်နီထဲ ဝင်လာတာမျိုး မရှိသလို။ ကျမတို့ ကိုယ့်ကရင်နီ အချင်းချင်း တွေဘဲ ပြင်ပမှာရှိနေတဲ့ ပြည်ပအင်အားစုတွေကနေ အကူအညီတွေ ပြန်သွားတာမျိုးတွေ၊ ရန်ပုံငွေပုံစံအမျိုးမျိုး ရှာဖွေပြီး ပြန်ကူညီတာမျိုးတွေလုပ်ရတယ်။ နောက်ပိုင်းမှာ ဘယ်လိုဖြစ်လာလဲဆိုရင် တို့ကရင်နီအနေအထားက နှစ်စဉ် တစ်သိန်းခွဲလူဦးရေက ဒီအလှူရှင်ရဲ့ ပံ့ပိုးမှုကို မှီခိုနေရတာဖြစ်တယ်။ လူဦးရေက နှစ်သိန်းခွဲ၊ သုံးသိန်းနီးပါး ဆိုတော့ စစ်ရှောင်ဖြစ်ပေမယ့် သူတို့ဟာသူတို့ ရရာပုံစံမျိုးနဲ့ ကြိုးစားဖြေရှင်းနေပေမယ့် နှစ်စဉ်တစ်သိန်းခွဲကတော့ ဒီအခြေခံ စားနပ်ရိက္ခာ အလှူရှင်ကူညီမှ စားလို့ရတဲ့ဘဝမျိုးဖြစ်တဲ့ အခြေအနေလည်း ကြုံရတယ်။ ဒီအထဲမှာမှ အထူးသဖြင့် အမျိုးသမီးကလေး၊ သက်ကြီးရွယ်အိုတွေက ပိုဖြစ်တယ်။ နောက်ပိုင်း ဒီအကူအညီတွေ အကန့်အသတ် ဖြစ်လာတယ်။ ကူညီပေးတဲ့ သူတွေလည်း အားနည်းလာတယ်။ အထူးသဖြင့် ဆယ်ကျော်သက် အမျိုးသမီးတွေ၊ လုပ်ငန်းခွင်မှာ လုပ်လို့ရတဲ့ အသက်အရွယ်တွေက ကျောင်းဆက်မတက်ဘဲနဲ့ ဗိုက်ဆံရှာတာမျိုးတွေ ပိုများလာတယ်။

တရားမဝင် အထောက်အထားမရှိဘဲနဲ့ နယ်စပ်ကို ကူးပြီးတော့မှ လူကုန်ကူးမှုနဲ့ ဖမ်းဆီးခံရတာမျိုးတွေရှိသလို၊ တစ်ဖက်မှာဆိုရင်လည်းနိုင်ငံခြား

"ဥပမာ - တခြားနိုင်ငံကို သွားအလုပ်လုပ်ဖို့အတွက် ပွဲစားကနေတစ်ဆင့် ချိတ်ပြီးတော့မှ သွားကြတယ်။ ပြီးရင် ပိုက်ဆံမရသည့်အပြင် နောက်ထပ်အိမ်မှာရှိနေတဲ့ ပစ္စည်းတွေပါ ရောင်းချပြီး ပါသွားတာမျိုး" ဆိုတော့ ဒီကာလမှာ ဘယ်သူမှ အကူအညီမပေးနိုင်ဘူး။ ကူညီနေတဲ့ အဖွဲ့ကလည်း အကန့်အသတ်နဲ့။ ရဲစခန်းကိုသွားပြီး အကူအညီ တောင်းမယ်ဆိုရင်လည်း စစ်ကောင်စီလက်ထဲကို ပြန်အပ်ခံရမည့် အနေအထား။ တော်တော်လေး အမျိုးသမီးရဲ့အခြေအနေကို ပြောရမယ်ဆိုရင် လူမှုဘဝဖူလုံဖို့အတွက်ရုန်းကန်နေရင်းနဲ့၊အသက်ရှင်ရံုတမယ်ကြိုးစားနေရတဲ့ဘဝမျိုးကိုရင်ဆိုင်နေကြရတာဖြစ်ပါတယ်။ တော်တော်လေး လူသားချင်းစာနာအထောက်အထား အခက်အခဲ အကူအညီရတဲ့ နေရာတစ်ခုအနေနဲ့လည်းပါဝင်ပါတယ်။"

နော်ဆဲဆဲ

ဦးဆောင်ဆွေးနွေးသူ

ကျေးဇူးတင်ပါတယ်။ အထူးသဖြင့် ဆရာမက ကိုယ်ဝန်ဆောင်အမျိုးသမီးတွေရဲ့ အခြေအနေကို အဓိက sharing လုပ်ပြသွားတယ်။ ဖော်ထုတ်သွားတယ်။ တကယ်ဆိုရင် ဒီအမျိုးသမီးတွေ မတူညီကွဲပြားတဲ့ အမျိုးသမီး အမျိုးအစားတွေရဲ့ ရုန်းကန်မှု၊ ဖြတ်သန်းမှုတွေက ဘယ်လောက်ခက်ခဲလဲ။ ဘယ်လောက်ရုန်းနေရလဲ။ ဘယ်လောက်စိန်ခေါ်မှုဖြစ်နေရလဲဆိုတာကို ကျမတို့ အမျိုးသမီးအဖွဲ့အစည်းတွေ ကူညီပံ့ပိုးမှုကြောင့် သိလာရတဲ့ အချက်တွေဖြစ်တာများတယ်။ အထူးသဖြင့် ကိုယ်ဝန်ဆောင်အမျိုးသမီးတွေရဲ့ အခြေအနေကို လူသားချင်းစာနာ ထောက်ထားမှုတွေ ပံ့ပိုးဆောင်ရွက်မှုနေရာမှာ အပြည်အဝသူတို့ရဲ့ ခံစားခွင့်ရရှိရမည့် ကိစ္စရပ်တွေ၊ အကာအကွယ်ပေးရမည့် ကိစ္စရပ်တွေကို မရှိသလောက်ဖြစ်တယ်။ ဆိုတော့ သူတို့ ကြုံတွေ့ရတဲ့ အခက်အခဲစိန်ခေါ်မှုတွေကို ဖော်ထုတ်ပေးတဲ့အတွက် ကျေးဇူးတင်တယ်။

ဆက်လက်ပြီး ဆရာမ လိုည်းပကျိုဝ်းဇား ကိုဖိတ်ခေါ်ချင်တယ်။ ဆရာမအနေနဲ့ ဒီလူသားချင်းစာနာထောက်ထားမှု အကူအညီပေးရေး ကိစ္စရပ်တွေမှာ စောနက မတူကွဲပြားတဲ့ အမျိုးသမီးတွေရဲ့ အမျိုးအစားတွေအပေါ်မှာ ဆရာမ မော်ဖရေးမြာမှ ကိုယ်ဝန်ဆောင်မိခင်တွေရဲ့ အခြေအနေကို ဖော်ပြတယ်။ ဆရာမအနေနဲ့ တခြားသော အမျိုးသမီး တွေရဲ့ အခြေအနေတွေ၊ လက်တွေ့အကောင်အထည်ဖော်တဲ့အခါမှာ မြင်တွေ့နေရတဲ့ အခြေအနေလေးတွေကိုလည်း မျှဝေစေလိုတယ်။ ပြီးရင်လူသားချင်း စာနာထောက်ထားမှု ကူညီပံ့ပိုးဆောင်ရွက်တဲ့ နေရာမှာ ကြုံတွေ့ ရင်ဆိုင်နေရတဲ့ အဓိကအခက်အခဲစိန်ခေါ်မှုတွေက ဘာတွေလဲဆိုတာကိုလည်း မျှဝေပေးဖို့ ဖိတ်ခေါ်ချင်တယ်။

လိုည်းပကျိုဝ်းဇား

တွဲဖက်အထွေထွေအတွင်းရေးမှူး (၁) (တအာင်းအမျိုးသမီးအဖွဲ့အစည်း)

ကျမကတော့ တအာင်းဒေသအပါအဝင် ရှမ်းပြည်နယ်မြောက်ပိုင်းဒေသ တစ်ဝိုက်အတွင်းမှာ လှုပ်ရှားဆောင်ရွက် နေတဲ့ ဒေသအသီးသီးတွေရှိတယ်။ ကျမတို့ စစ်ရှောင်ကိစ္စပြောမယ်ဆိုရင် ဒီစစ်ဆင်ရေး အကောင်အထည်ဖော်တဲ့ ကာလ၊ တိုက်ပွဲကာလမှာဆိုရင်

ကျမတို့ တအာင်းအမျိုးသမီးအဖွဲ့အစည်းသည် စစ်ရှောင်စခန်းကနေပြီးမှ ကောက်ယူစုဆောင်း မှတ်တမ်းတင်ထားတဲ့ အချက်အလက်အရဆိုရင် စစ်ရှောင်လူဦးရေ (၁) သိန်း နှင့်(၅) သောင်းကျော် ရှိတယ်။ ဒါ အချက်အလက်အရ ဖြစ်တယ်။ ဒီအချက်အလက်တွေက အိမ်ပစ်ယာပစ်ပြီး တစ်ခြားနီးစပ်ရာမြို့ကို ပြောင်းသွားတာမျိုး၊ နီးစပ်ရာဆွေးမျိုးကျေးရွာတွေမှာ သွားပြီးပြောင်းနေတာတွေ မပါသေးဘူး။ ပြန့်ကြဲပြီး နယ်စပ်ကို ရောက်သွားတာမျိုး၊ တစ်ခြားသောမြို့တွေမှာပြန့်ကြဲတိမ်းရှောင်နေတဲ့ အရေအတွက်တွေ မပါသေးဘူး။ အဲ့ဒါကြောင့်တအာင်းဒေသအပါအဝင် ရှမ်းပြည်မြောက်ပိုင်း တခွင်မှာဆိုရင်လည်း အာဏာမသိမ်းခင်ကတည်းက တောင်မှပြည်တွင်းကျမတို့ရဲ့ စစ်ဘေးရှောင်ဒုက္ခသည်တွေက သောင်းကဏန်း လောက်ကိုရှိနေပြီ။ ပိုပြီးအများကြီးတိုးလာတဲ့ အနေအထားမျိုးမှာရှိတယ်။

အာဏာသိမ်းပြီး (၄) နှစ်ကျော် ကာလအတွင်းမှာ ဆိုရင်လည်း အခုချိန်ထိ နေအိမ်ကို ပြန်မရောက်နိုင်သေးဘဲ၊ နေရပ်ပြန်မရောက်နိုင်သေးဘဲ တစ်နေရာကနေ တစ်နေရာပြောင်းရွှေ့ပြီးမှဘဲ ဒီအမျိုးသမီးတွေက ကိုယ့်ရဲ့ အထုတ်အပိုးတွေနဲ့ ကိုယ်ရဲ့ကလေးရော၊ ကိုယ်ဝန်ဆောင်မိခင်တွေအနေနဲ့ရော တချို့သောမိခင်တွေမှာဆိုရင် ခင်ပွန်းဖြစ်သူက အသက်ဆုံးရှုံးလိုက်ရလို့၊ ပေါ်တာဆွဲခံလိုက်ရလို့၊ ဖမ်းဆီးခံလိုက်ရလို့ လုံးဝကို ပံ့ပိုးမှုတွေ ခက်ခက်ခဲခဲနဲ့ ကျန်ရှိနေတဲ့ ကလေးတွေကို သူတို့ရဲ့ အသက်ရှင်သန်ရေးရော၊ သူ့အတွက် အသက်ရှင်သန်ရေး အတွက်ကို တော်တော်လေး ကြိုးစားရုန်းကန်နေရတဲ့ အနေအထားမျိုးကို ကျမတို့မြင်တွေ့နေရတယ်။

တိုက်ပွဲပြင်းထန်တဲ့ ကာလမှာဆိုရင်လည်း ဒီလိုမျိုးစစ်ရှောင်တွေ အများအပြားဖြစ်တဲ့ ကာလမှာ တစ်ချို့သော နိုင်ငံတကာအဖွဲ့အစည်းတွေဆိုရင် ကျမတို့ ဒီတအာင်းဒေသနှင့် ရှမ်းပြည်မြောင်းပိုင်းကနေပြီး ရှောင်တိမ်းသွားတဲ့ အနေအထားမျိုးမှာ ရှိကြတယ်။ အဲ့လိုအနေအထားမျိုးမှာ ဆိုရင် ဒီလူသားချင်စာနာ ထောက်ထားမှု အကူအညီ တွေကို ပြန်ပြီးတော့ တုန့်ပြန်တဲ့အခါမှာဆိုရင် လူ့အရင်းအမြစ် မလုံလောက်တာတွေ၊ လုံးဝ အထောက်အပံ့တွေက အရမ်းအားနည်းတယ်။ အရမ်းနှောင့်နှေးတာတွေ ကျမတို့အများကြီးကို ဒုက္ခပေါင်းများစွာနဲ့ အခက်အခဲပေါင်း များစွာနဲ့ ကြုံတွေ့နေရတဲ့ အနေအထားမျိုးများရှိတယ်။ ကျမတို့က ဒီကျန်ရှိနေတဲ့ အဖွဲ့တွေက ဥပမာ – အမျိုးသမီး အဖွဲ့တွေ၊ အရပ်ဖက်အဖွဲ့တွေ၊ ကျန်ရှိနေတဲ့ local အဖွဲ့တွေ၊ လူမှုကူညီရေးအသင်းတွေနဲ့ ကျမတို့က အချင်းချင်း ချိတ်ဆက်မှုတွေကနေတဆင့် ရုန်းကန်ပြီး တော်တော်လေးကို လူသားချင်စာနာထောက်ထားမှုကို ပံ့ပိုးပေးရတယ်။ အဲ့လို အနေအထားမျိုးမှာဆိုရင် လမ်းပန်းပိတ်ဆို့တာတွေရော၊ ဖုန်းလိုင်း Internet လိုင်းတွေအကုန်လုံး ဖြတ်တောက်ခံလိုက်ရသည့် အနေအထားမျိုးမှာဆိုရင် တချို့သော စစ်ဘေးရှောင်တွေမှာ တောထဲမှာ တစ်ပတ်လောက် ပုန်းခိုပြီး နေနေရတာမျိုးတွေရှိတယ်။ အဲ့သည်အတောအတွင်းမှာ သူတို့မှာပါလာတဲ့ပစ္စည်းတွေ၊ နီးစပ်ရာလူတွေကနေရတဲ့အစားအသောက်တွေကနေပြီးမှဘဲ သူတို့ရှင်သန်နေရတယ်။ ဒီပိတ်ဆို့မှုတွေကြောင့်၊ Internet အခက်အခဲကြောင့်သူတို့နဲ့ ချိတ်ဆက်ရတာ အရမ်းကို ခက်ခဲခဲ့တဲ့ အနေအထားမျိုးမှာဆိုရင် နောက်ကျမှ ကူညီလိုက်ရတာတွေရှိတယ်။ ဒီလိုမျိုးကူညီတဲ့အခါမှာဆိုရင်လည်း အဓိက အရေးပေါ်အကူအညီလို့ ပြောတဲ့အခါမှာ အစားအသောက်နှင့် ဆေးဝါးလောက်ဘဲ ပိုပြီးကူညီပေးနိုင်တယ်။အခြားသောသူတို့မှာ မိုးတွင်းဆောင်တွင်း သူတို့ရဲ့ ကျန်းမာရေးနှင့် ပတ်သက်တာတွေ၊ ပိုပြီးထောက်အပံ့ဖြစ်စေတဲ့ပစ္စည်းတွေတောင်မှ ကျမတို့က အများပိုင်း အရင်းအမြစ်တွေ မရှိတဲ့အတွက်ကြောင့်မို့လို့ မပံ့ပိုး၊ မကူညီပေးနိုင်ဘူး။ ဒီရရာရံပုံငွေတွေနဲ့ဘဲ ကျမတို့က တုန့်ပြန် လုပ်ပေးနေရတဲ့ အနေအထားမျိုးမှာရှိတယ်။ တစ်ခြားတဖက်မှာဆိုရင်လည်း ဒီကုန်စည် သယ်ယူခွင့်တွေ ပိတ်ဆို့ ခံလိုက်ရတယ်။ ကျမတို့ဆိုရင် အခုဆိုရင်လည်း ဒီတရုတ်နယ်စပ်ဖြစ်တဲ့ မူဆယ်ဘက်ကနေပြီးမှ အဝတ်အစားတွေ ဆိုရင်အသစ်တစ်ထုတ်လေးတောင်မှ သယ်ယူခွင့်မပေးဘူး။ အစားအသောက်အများကြီး သယ်တာမျိုး၊ ဆန်တွေ အများကြီး သယ်တာမျိုးတွေဆိုရင် ကျမတို့က ခဏခဏ ဖမ်းဆီးခံရတယ်။

နင်တို့က PDFကို ထောက်ပို့တာလား? ဒီလက်နက်ကိုင်တွေကို ထောက်ပို့တာလား? ဆိုပြီးမှ စွပ်စွဲပြီးမှ လူသားချင်း စာနာထောက်ထားမှု ကူညီပေးနေတဲ့ အဖွဲ့အစည်းဝန်ထမ်းတွေအတွက် လုံခြုံရေး အန္တာရာယ်တွေ၊ ခြိမ်းခြောက်ခံ ရမှုတွေ ကျမတို့အများကြီး ကြုံနေရတယ်။ ဒါတောင်မှ လူထုတွေအနေနဲ့ သူတို့စားသောက်ဖို့အတွက် ဆန်တွေ၊ ဆီတွေ အများကြီး သယ်ပြီးဆိုရင်လည်း အသိမ်းခံရတယ်။ ပစ္စည်းသယ်ယူခွင့်၊ ဆေးဝါးသယ်လာဖို့ဆိုရင် ကျမတို့ တအောင်းဒေသဘက် အရမ်းကိုခက်ခဲတယ်။ လုံးဝပေး မသယ်ဘူး။ ဆေးဝါးတွေဆိုရင် လမ်းတဝက်မှာ အကုန်လုံး သိမ်းခံရတယ်။ အဲ့လိုမျိုးအနေအထားမျိုး။ ဒီလူသားချင်းစာနာထောက်ထားမှုကို ရှေ့ဆက်ဒီလို အခက်အခဲကြားမှာ ကျမတို့က ဘယ်လိုပံ့ပိုးမလဲ?

“လူထုတွေကြားမှာ တစ်ရက်ပြီးတစ်ရက် ကလေးတွေ၊ မိခင်တွေ ဆိုရင်တော့ ရေသန့်ဆိုရင်လည်း သူတို့တွေက ကောင်းကောင်းမရဘဲနဲ့ ဝမ်းလျှောပြီး ဖျားတာ အသက်သေဆုံးမှုတွေ ရှိကြတယ်။ ဒီကိုယ်ဝန်ဆောင်မိခင်တွေ ဆိုရင် အာဟာရချို့တဲ့ကြတယ်။ ရှိတဲ့နေရာမှာဆိုရင်လည်း စစ်ပြေးရင်းနဲ့ ကိုယ်ဝန်ဆောင်တွေဆိုရင် ဒဏ်ရာရတဲ့ သူတွေ၊ ကလေးပျက်ကျတဲ့သူတွေ အဆင့်ထိတောင် ရှိခဲ့ဖူးတယ်။ ဒီမှာဆိုရင်လည်း ဒီစစ်ရှောင်စခန်းမှာဘဲ ဖြစ်သလိုနဲ့ ပြန်ပြီးစစ်ပြေးရင်းနဲ့ ကလေးမွေးလိုက်ရတာတွေ အများကြီးရှိတယ်။”

ကုန်စည်ပိတ်မှုကြောင့် လိုအပ်တဲ့ အထောက်အပံ့တွေကို သူတို့ဆီရောက်ဖို့အတွက် အရမ်းကိုခက်ခဲတယ်။ ပြီးရင် နယ်စပ်မှာ ဒီလိုမျိုးအခက်အခဲဖြစ်တဲ့ကာလမှာဆိုရင် အမျိုးသမီးတွေ၊ လူငယ်တွေရဲ့ဘဝက လမ်းပျောက်တယ်။ သူတို့ကဘာလုပ်ရမလဲ။ ကျောင်းလဲတက်ခွင့်မရှိဘူး။ ခဏခဏပြေးနေရတယ်။ ကျောင်းပြန်လာတက်ရအောင် ကလည်း သူတို့နဲ့အနီးတဝိုက်မှာ မိုင်းတွေနဲ့။ မိုင်းရှင်းလင်းရေးတွေ လုပ်ရအောင်ကလည်း မလုပ်ရသေးဘူး။ တချို့နေရာမျိုးမှာဆိုရင်လည်း စစ်ကောင်စီထိန်းချုပ်မှုအောက်ကနေ လွတ်မြောက်တယ် ဆိုပေမယ့်လဲ နေအိမ် တွေ လုံးဝပြာကျသွားပြီး ဘာမှနေစရာမရှိဘူး။ ပြန်လည်ထူထောင်ရေးအတွက် ပိုက်ဆံကလည်း လုံလောက်မှု မရှိဘူး။အရင်းအမြစ်တွေက အိမ်ဆောက်ဖို့အတွက်လည်း ကုန်စည်ပိတ်လိုက်တဲ့အခါမှာ ဘယ်လိုမျိုး ဘာတွေ ပစ္စည်းတွေ သယ်ပြီးအိမ်ဆောက်ကြမလဲ။ ဘယ်လိုလုပ်ကြမလဲ။ ဒီမိုင်းရှင်းလင်းမှုတွေ သူတို့က နေအိမ်ကို ပြန်လာနေတယ်ဆိုပေမယ့်လည်း သူတို့ရဲ့စားသောက်ရေး၊ ဝမ်းစာရေးအတွက် လှုပ်ရှားဆောင်ရွက်ရမည့် တောင်ယာ၊ လက်ဖက်ခြံတွေမှာက landmineတွေ အများကြီးရှိတယ်။ သူတို့ကဘာတွေ လုပ်ကိုင်စားသောက် မလဲ။ ဆိုတော့ သူတို့က မပြန်လာနိုင်ဘူး။ ဒီကလေးတွေ၊ အမျိုးသမီးငယ်တွေကနေပြီးမှ တခြားသော နိုင်ငံတွေ အလုပ်လုပ်ဖို့အတွက် လမ်းစဖြစ်လာတယ်။ ကျောင်းတက်ခွင့်လဲမရဘူး။ နေအိမ်လဲပြန်လို့မရဘူး။အခြားသော မိသားစုရဲ့ စားဝတ်နေရေး အခက်အခဲကလည်းရှိတယ်။ ဒီလူသားချင်းစာနာထောက်ထားမှု အကူအညီတွေ ကလည်း မလုံလောက်ဘူး။

“အဓိကက ဒီဆယ်ကျော်သက် ကလေးငယ်တွေ၊ အသက်၂၀ကျော်လူငယ်တွေ ကနေပြီးမှ တရုတ်ပြည် သွားပြီးတော့ အလုပ်တွေသွားလုပ်ကြတယ်။ တဆင့်ကနေတဆင့်၊ ပွဲစားကနေတဆင့် ချိတ်ဆက်ပြီး လိမ်လည်ခံ ရပြီး ဒီလူကုန်ကူးခံရတယ်။ ပြီးရင်ကျားဖြန့်ဂိုဏ်း၊ လိမ်လည်ဂိုဏ်းတွေဆီမှာ ရောက်သွားတယ်။ တချို့သော ကေ့စ်တွေမှာဆိုရင် ကျမတို့အများကြီးကိုမရမက ခေါ်ထုတ်နိုင်ခဲ့တယ်။”

ဥပမာ – အသက်၁၇နှစ်အရွယ် အမျိုးသမီးဆိုရင်လည်း သူကနေသူရဲ့မိသားစု ဝမ်းစာရေးအခက်အခဲကြောင့် မူဆယ် ကနေသွားရောက်အလုပ်လုပ်တယ်။ မူဆယ်မှာအဆင်မပြေတော့ online ကနေ အဆက်အသွယ်ရပြီး အလုပ်ရှာ ပေးမယ်ဆိုပြီး တရုတ်ပြည်ကြီးရဲ့ အနှိပ်ခန်းမှာသွားရောင်းစားခံရတာမျိုး ဒီနှစ်အတွင်းမှာဘဲ ဖြစ်သွားတာမျိုးတွေ ရှိတယ်။ နောက်ထပ် မိန်းကလေးငယ် ၂ယောက် ဆိုရင်လည်း သန့်ရှင်းရေးအလုပ်၊ စားသောက်ဆိုင်

အလုပ်ဆိုပြီး ခေါ်သွားပြီး နောက်ဆုံးတော့ ကျားဖြန့်ဂိုဏ်းအဆောက်အအုံမှာ ပိတ်မိခံလိုက်ရတယ်။ တခါတလေ အခြား ဖြစ်စဉ် တွေက သူငယ်ချင်းအချင်းအချင်း အလုပ်တွဲခေါ်တယ်ဆိုပြီးမှ ဆေးတွေနဲ့ခတ်လိုက်ပြီးမှ ရောင်းစားပစ်လိုက် တာမျိုး။"

"ကျမတို့ကို ချိတ်ဆက်ပြီး တချို့အချိတ်အဆက်တွေနဲ့ ပြန်လွတ်မြောက်လာတဲ့သူတွေရှိသလို။ အခုချိန်ထိ တချို့ အမျိုးသမီးငယ်တွေဆိုရင် ပြန်မလွတ်မြောက်နိုင်သေးဘူး။ ကျမတို့မှာ အခက်အခဲအများကြီးတွေ ရှိတယ်။ ကျမတို့လုံခြုံရေးအရရော၊ ဒီနယ်စပ်ရဲတွေနဲ့ရော၊ သူတို့ရဲ့ အချိတ်အဆက် ပြတ်တောက်မှုနဲ့ အများကြီး သူတို့ကို ကယ်ထုတ်ဖို့ အခက်အခဲအများကြီးတွေလည်း ရှိတယ်။ တချို့သူတွေဆိုရင်လည်း ကျောင်းတက်နေရင်း တန်းလန်းနဲ့ မိသားစုရဲ့ စားဝတ်နေရေး အဆင်မပြေမှုတွေကြောင့် ကုန်စည်လမ်းကြောင်းပိတ်ဆို့မှုတွေကြောင့်၊ ကျောင်းကနေထွက်ပြီးမှ အမျိုးသမီးငယ်တွေ နယ်စပ်မှာ အလုပ်သွားလုပ်နေရတယ်။"

လူငယ်တော်တော်များများက စစ်ရှောင်ရင်း ခုနတုန်းကပြောသလို စစ်ရှောင်ရတယ်။ နေအိမ်တွေ ဖုံးကြဲခံ လိုက်ရတယ်။ နေစရာမရှိတော့ဘူး။အရမ်းအခက်အခဲဖြစ်တယ်။ ကိုယ်ရဲ့ဒေသမှာ ပြန်ပြီးမှ ပြန်လည် ရှင်သန်ဖို့ အတွက် လုပ်ဆောင်မယ်ဆိုရင်လည်း ခုနတုန်းကပြောသလို အလုပ်အကိုင်ရှာဖွေဖို့က အရမ်းကို အခက်အခဲ ဖြစ်ကြတဲ့ သူတွေအများစု ဖြစ်တယ်။ သူတို့ဘက်ကနေ တရုတ်နယ်စပ်ဘက်ကို ပြန်ရောက်သွားတော့လဲ တချို့တွေဆိုရင် မိသားစုလိုက်ကို တရုတ်နယ်စပ်ဘက်ကို ရောက်သွားတယ်။ အဲ့ဘက်မှာဆိုရင် နေထိုင်ခွင့်တွေက အရမ်းခက်ခဲတယ်။ တရုတ်ဘက်ဆိုရင် အရမ်းတင်းကြပ်တယ်။ နေထိုင်လက်မှတ်တွေဆိုရင်လည်း သူတို့မရှိဘူး။ တရားမဝင်လမ်းကြောင်းနဲ့ ဒီဘက်ကနေ ဝင်လိုက်တယ်။ဟိုဘက်မှာဆိုရင်လည်း အလုပ်လုပ်ရင်းနဲ့ ဖမ်းဆီး ခံရတယ်။ ခဏခဏထောင်ကြတယ်။အဲ့လိုမျိုး တရုတ်ထောင်ဆိုရင် ခဏခဏကျတယ်။ တရုတ်ထောင် ကျတယ် ဆိုရင် ကျမတို့ကလည်း ကူညီပေးမှုတွေမလုပ်နိုင်ဘူး။ကျမတို့အတွက် အရမ်းကိုစိန်ခေါ်မှု ဖြစ်တယ်။ မတရား ထောင်ချခံလိုက်ရတဲ့ သူတွေအများကြီးရှိတယ်။ ဒါပေမဲ့လည်း ကျမတို့ မကူညီမပံ့ပိုးနိုင်တာတွေရှိတယ်။ တချို့ဆိုရင် အဲ့လိုမျိုး အလုပ်သွားလုပ်ရင်းနဲ့ တရားမဝင်အလုပ်မှန်းလဲ သူတို့မသိဘူး။နောက်ဆုံးကျတော့ သူတို့ သူဌေးအလုပ်ရှင် ကိုယ်စားထောင်ဝင်လိုက်ရတယ်။အဖမ်းခံလိုက်ရတာတွေ အဲ့လိုမျိုးဖြစ်စဉ်တွေလဲ အများကြီး ရှိတယ်။ တချို့ဆို နှစ်ချီကြာတယ်။တချို့ဆိုလဲ ၃-၄ လ ထောင်ကျပြီးမှ နယ်စပ်မှာ ပြန်ပို့ခံရတယ်။ အဲ့လိုမျိုးတွေ အများကြီး။

"လူသားချင်းစာနာ ထောက်ထားမှုတွေ၊ ပံ့ပိုးမှုတွေ မလုံလောက်တဲ့အတွက်ကြောင့် ဒီလူတို့ရဲ့ ပြန်လည် ထူထောင်ရေးအတွက် စိန်ခေါ်မှုများ ရှိနေတယ်။ ဥပမာ - လူငယ်တွေရဲ့ ဘဝတွေ၊ အမျိုးသမီးငယ် တွေရဲ့ဘဝတွေ၊ အခုလက်ရှိ ရောင်းစားခံရတဲ့အဆင့်ထိပဲ။ တချို့သော အမျိုးသမီးငယ်တွေဆိုရင် အခုချိန်ထိ အစအနပျောက်ပြီး ဒီနေ့အထိ အိမ်ပြန်မရောက်လာနိုင်သေးဘူး။ စစ်ရှောင်စခန်းမှာ ပြန်ပြီး စစ်ရှောင်ကော်မတီတွေနဲ့ ချိတ်ဆက်လဲ အဆက်အသွယ်မရနေဘူး။ ကုန်စည်လမ်းကြောင်း ပိတ်ဆို့မှုကြောင့် လက်ရှိစစ်ရှောင်နေရတဲ့ ကျမတို့လူထုတွေ အတွက် ရှေ့ဆက်ဘယ်လို ပံ့ပိုးပေးရမလဲဆိုတဲ့ အရင်းအမြစ်အခက်အခဲကိစ္စကို ကျမတို့ ခက်ခက်ခဲခဲနဲ့ ရင်ဆိုင် နေရတဲ့အနေအထားမျိုးဖြစ်တယ်။"

နော်ဆဲဆဲ

ဦးဆောင်ဆွေးနွေးသူ

ဟုတ်ကဲ့ပါ။ ကျေးဇူးတင်ပါတယ်။ တချို့သော စိန်ခေါ်မှုတွေက ကရင်နီမှာ ဆွေးနွေးပြသလို အခြေအနေက သိပ်မကွာဘူး။ ဒါပေမယ့် ဒီရှမ်းပြည်မြောက်ဘက်ခြမ်းက အထူးသဖြင့် လူငယ်တွေရဲ့ ဘဝခြေအနေတွေ မျှော်လင့်ချက်တွေလည်းပျောက်၊ အိပ်မက်တွေလည်းပျောက်၊ အခွင့်အလမ်းတွေ ကလည်းပျောက်ဆုံးတာအပြင် သူတို့ဘဝကတစ်ဆင့်နှစ်ဆင့်၊ ထပ်ခါ ထပ်ခါ survivorတွေ၊ victimတွေ ဖြစ်လာတဲ့အခြေအနေ အများကြီး တွေ့ လာရသလို၊ အစအန ပျောက်သွားသည့် ဒီရောင်းစားခံရတဲ့ လူငယ်တွေ ဒီကျားဖြန့်ဂိုဏ်းရဲ့ လုပ်ရှားဆောင်ရွက်မှုတွေကြောင့် ပါသွားသည့် လူငယ်တွေအများကြီးရှိနေသည့် အချက်ကို ဖော်ထုတ်သွားပေးသည့်အတွက်ကြောင့်ကျေးဇူးအများကြီးတင်ပါတယ်။ ဆိုတော့ ကျမတို့သည် လူငယ်တွေဘဝအနာဂတ်ကို ရှေ့ဆက်ပြီး လုပ်ဆောင် သင့်တယ်ဆိုတဲ့ ဒီအကြံပြုချက်၊ ဆွေးနွေးချက်တွေကို ကျမတို့နောက်တပိုင်းမှာ ဆက်ပြီးဆွေးနွေးသွားမယ်။

ကျမတို့ စကားဝိုင်းဘက်ကို ပြန်သွားမယ်ဆိုရင် စစ်ကိုင်းတိုင်းဘက်ကို ပြန်သွားချင်တယ်။ ဆရာမဘွိုင်နူးအနေနဲ့ စောနက ကရင်နီပြည်နယ်မှာဘဲပြောပြော၊ တအာင်းရှမ်းပြည် မြောက်ပိုင်းဖက်ခြမ်းမှာ ဘဲပြောပြော ဒီလူသားချင်း စာနာထောက်ထားမှုတွေက အားနည်းနေခြင်းကြောင့် တချို့တွေ့ကြုံရမှုတွေကတော့ တူတယ်။ စောနက ဆရာမ မော်ဖရေးမြာ အနေနဲ့ကတော့ ဒီကိုယ်ဝန်ဆောင်မိခင်တွေ အခြေအနေကို အဓိကဖော်ထုတ် ပြောပြသွားတယ်။ ပြီးတော့ ဆရာမလွေးပကေးဂျားဆိုရင်လည်း အထူးသဖြင့် လူငယ်တွေရဲ့ အနာဂတ်အိပ်မက်၊ ဒုက္ခဆင်းရဲ ကြုံတွေ့နေရတဲ့ အကြပ်အတည်းတွေကို ဖော်ထုတ်ပေးတယ်။ ဆိုတော့ဆရာမအနေနဲ့ ဒီစစ်ကိုင်းတိုင်းဘက်မှာ လုပ်ရှားဆောင်ရွက်နေမှုအပေါ်မှာ တွေ့ကြုံရင်ဆိုင်နေရတဲ့အခက်ခဲစိန်ခေါ်မှု၊ အကြပ်အတည်းတွေက ဘယ်လို ရှိနေလဲ? အထူးသဖြင့် ဒီသက်ကြီးရွယ်အို အမျိုးသမီးတွေ၊ ဒါမှမဟုတ် ကလေးတွေရဲ့ အခြေအနေတွေ၊ ကိုယ်တွေတွေ့ကြုံဖြတ်သန်းနေရတဲ့ အတွေ့အကြုံတွေကို ဖလှယ်ပေးဖို့ ဖိတ်ခေါ်ချင်ပါတယ်။

ဘွိုင်နူး

အထွေထွေအတွင်းရေးမှူး (ကူကီးအမျိုးသမီးများဆိုင်ရာ လူ့အခွင့်အရေး အစည်းအရုံး)

“စစ်ကိုင်းတိုင်းအထက်ပိုင်း ကျမတို့အမျိုးသမီးအဖွဲ့တွေ လှုပ်ရှားနေတဲ့နေရာမှာ ပြီးခဲ့တဲ့အခေါက်တွေတုန်းကဆိုရင် ကျမတို့ရရှိထားတဲ့ အာဏာသိမ်းပြီးနောက်ပိုင်းမှာ အခြေအနေတွေ အချက်အလက်တွေ ကောက်ယူ ရရှိချက်အရ တချို့ ကိုယ်ဝန်ဆောင်မိခင်တွေ ဆိုရင်စိတ်ဖိစီးမှုတွေ ခံစားနေရတယ်။ လက်တွဲဖော်ကနေ အကြမ်းဖက်ခံရတာ တွေကြောင့် မခံနိုင်လို့ ကိုယ့်ကိုယ်ကို အဆုံးစီရင်လိုက်တဲ့ ကိုယ်ဝန်ဆောင် အမျိုးသမီး တွေလည်း ရှိလာတယ်။ ပြီးလို့ရှိရင် HIV ဆေးသောက်နေရတဲ့ အမျိုးသမီးတွေ၊ အခြားနာတာရှည်ရောဂါနဲ့ ပတ်သက်ပြီး ဆေးသောက် နေရတဲ့ အမျိုးသမီးတွေ ဆိုလို့ရှိရင်လည်း လမ်းပန်းဆက်သွယ်ရေးတွေ ဖြတ်တောက်ခံ လိုက်ရတဲ့အတွက် ဆေးဝါး မလုံလောက်မှုတွေနဲ့ ရင်ဆိုင်နေကြရသည်။ နောက်ပြီးတော့ တစ်ဖက်မှာ အရင်းတုန်းကဆိုလို့ရှိရင် အိန္ဒိယ ဘက်ခြမ်းကနေပြီးမှ ကျမတို့က ဆေးဝါးတွေ ယူလို့ရတဲ့ အခြေအနေရှိတယ်။ ဒါပေမယ့် ၂၀၂၃ မှာ အိန္ဒိယ၊ မနီပူရ်ပြည်နယ်ထဲမှာလည်း လူမျိုးရေးဆိုင်ရာ ပဋိပက္ခတွေ ဖြစ်လာတဲ့အခါကြတော့ ဒီဖက်ကနေလည်း ကျမတို့က ဘာမှကို ဝယ်ယူလို့လဲမရသလို၊ ဘာမှလည်းမရနိုင်တော့ဘူး။ အထူးသဖြင့် ဆေးဝါးဆိုလို့ရှိရင် မြန်မာပြည် ဘက်ခြမ်းကလည်း စစ်ကောင်စီကနေ လမ်းတွေ အကုန်သူပိတ်ထားတယ်။”

"ဥပမာ - နေမကောင်းလို့၊ အရေးပေါ်အခြေအနေဖြစ်လို့ တမူးမြို့အနီးအနားမှာရှိတဲ့ ဆေးရုံဖြစ်စေ၊ ဆေးရုံတွေမှာ ဆေးကုဖို့ အဆင်မပြေလို့ ကလေးမြို့ကို လွှဲတယ်ဆိုရင်တောင်မှ ကလေးမြို့ကို သွားတဲ့ လူနာက ကလေးမြို့အဝင် နားလေးမှာရှိနေတဲ့ စစ်ကောင်စီတပ်တွေက dripနဲ့ ဆေးချိတ်ထားတဲ့ အဲ့ဒီလူနာကို ခြေကျင်လမ်းလျှောက် ခိုင်းတယ်။"

အဲ့လိုမျိုးအခြေအနေတွေ ပြောချင်တာက မြင်ယောင်နိုင်အောင်ပါ။ဘယ်လောက်အထိ လုပ်ထားသလဲ ဆိုလိုရှိရင် အဲ့လိုအခြေအနေတွေရှိတယ်။ တပြိုင်တည်းမှာပဲ တမူးခရိုင်အတွင်းမှာရှိနေတဲ့ ပြည်သူတွေ အထူးသဖြင့် စစ်ဘေးရှောင်တွေအတွက် ပိုပြီးအခက်အခဲဖြစ်သွားတာက အိန္ဒိယဘက်ခြမ်းရဲ့ ပြဿနာတွေကြောင့် ကျမတို့ကို အများကြီးလာပြီး ထိခိုက်မှုတွေ ရှိသွားတယ်လို့ပြောရမယ်။ ဆိုတော့အခုချိန်ထိက HIVနာတာရှည်၊HIVနဲ့ ပတ်သက်ပြီးဆေးသောက်နေရတဲ့ အမျိုးသမီး (၂)ယောက် ဆိုလို့ရှိရင် ဆေးဝါးဆက်မရ နိုင်တော့ ဘူး။ အရင်တုန်း က မြန်မာပြည်ဘက် အဆင်မပြေလို့ အိန္ဒိယဘက်မှာ ယူလို့ရတယ်။ ဆိုတော့ အခု အိန္ဒိယဘက်မှာလည်း ယူဖို့ အတွက် အဲ့ဒီနေရာကို လာလို့တောင် မရဘူး။ မရနိုင်တော့ ဒီအခြေအနေမှာရှိနေတော့ အသက်ဆုံးရှုံးရသည့် အခြေအနေတွေလည်း ရှိနေတယ်။

နောက်တခုက စစ်ဘေးရှောင်မှာ ရှိနေတဲ့လူငယ်တွေ။ ခုနပြောတဲ့ တအာင်းဖက်က ဆရာမနဲ့နည်းနည်းဆက်စပ်ပြီး ပြောရမယ်ဆိုလိုရှိရင် စစ်ဘေးရှောင်မှာရှိနေတဲ့ လူငယ်တွေ အထူးသဖြင့် အမျိုးသမီးတွေကို နိုင်ငံရပ်ခြားမှာ အိမ်အကူအနေနဲ့ အလုပ်လုပ်ဖို့ သူတို့ကလည်း မိသားစုစားဝတ်နေရေးအခက်အခဲကြောင့် သွားရတာဖြစ်တယ်။ ဆိုတော့ တစ်ချို့နိုင်ငံတွေ ရောက်နေတဲ့သူတွေအတွက်က အဆင်ပြေတယ်။ ဒါပေမယ့် UAE လို နိုင်ငံမျိုး ရောက်သွားတဲ့ အမျိုးသမီးတွေဆိုလို့ရှိရင် ဟိုဖက်ရောက်သွားတဲ့ အချိန်မှာလည်း အမျိုးမျိုးသော လိင်ပိုင်းဆိုင်ရာ နှင့် ပတ်သက်တဲ့ အကြမ်းဖက်မှုတွေ သွားပြီးခံနေရတယ်။ ပြည်တွင်းထဲမှာရှိနေတဲ့ လူတွေကိုတောင် ကျမတို့က အကာအကွယ်မပေးနိုင်တာ နိုင်ငံရပ်ခြားမှာသွားပြီး အလုပ်လုပ်ရင်း ထိခိုက်ခံနေရတဲ့ အမျိုးသမီးတွေကိုဆိုရင် ကျမတို့ဘာမှမကူညီနိုင်ဘူး။ ဒီအတိုင်းဘဲ လက်ပိုက်ကြည့်နေရတဲ့ သဘောမှာတော့ ရှိတယ်။ ဒါကလည်း ကျမတို့ ဒေသမှာရှိနေတဲ့ မိဘပြည်သူတွေရဲ့ စားဝတ်နေရေးနဲ့ အထူးသဖြင့် စစ်ရှောင်ပြည်သူတွေရဲ့ စားဝတ်နေရေးအခက်အခဲကြောင့် သားသမီးတွေက အထူးသဖြင့် အမျိုးသမီးတွေက မိသားစုစားဝတ်နေရေးအတွက် ပြည်ပကို ထွက်သွားရတာဖြစ်တယ်။

"နောက်တစ်ဖက်မှာ ကျမတို့ တမူးခရိုင်ထဲမှာရှိနေတဲ့ စစ်ဘေးရှောင်ပြည်သူတွေက အမေ့ပျောက်ခံလို့ ပြောလိုရတယ်။ ကျမတို့တွေ သိနေတဲ့ ဒီနိုင်ငံတကာ လူသားချင်းစာနာထောက်ထားမှုဆိုတဲ့ထောက်ပံ့ကူညီတဲ့ အဖွဲ့အစည်းတွေ ကျမတို့တမူးခရိုင်ထဲကို မရောက်လာဘူး။ စပြီးစစ်ရှောင်ရတာ အာဏာသိမ်းစသိမ်း ကတည်းက အခုချိန်အထိ ဘယ်တစ်ဖွဲ့မှ မရောက်လာဘူး။ ဆိုတော့ဒီမှာရှိနေတဲ့ ဥပမာ - ကျမတို့ အမျိုးသမီးအဖွဲ့ ကလည်း အရမ်းကြီးကို အများကြီးထောက်ပံ့ပေးနိုင်တဲ့အစွမ်းအစမရှိဘူး။ ကျမတို့မှာ ရရှိတဲ့အထောက်အပံ့နဲ့ဘဲ ထောက်ပံ့ ရတယ်။ အဲ့ဒီနောက်တစ်ဖက်မှာကလည်း ကုန်ဈေးနှုန်းရဲ့ ကြီးမြင့်မှုက လူတိုင်းကို ကျမတို့ ထောက်ပံ့ ပေးနိုင်ဖို့က အရမ်းကိုအခက်အခဲဖြစ်နေတယ်။"

ပြီးတော့ ကိုယ်ဝန်ဆောင်နှင့် ကလေးငယ်တွေ (၂) နှစ်အောက် ကလေးတွေ ဆိုလိုရှိရင် ကိုယ်ဝန်ဆောင် ကာကွယ် ဆေးတွေ၊ ကလေးကာကွယ်ဆေးတွေဆိုရင် မရှိတော့ဘူး။ ကျမတို့ဖက်မှာ ဘယ်သူမှ ဒီဟာတွေနှင့် ပတ်သက်ပြီး ကာကွယ်ဆေး ရရှိနိုင်သည့် အတိုင်းအတာ မရှိဘူး။ နောက်ပြီးတော့ နောက်တစ်ဖက်မှာကလည်း တစ်ချို့ဆိုရင် ကျမတို့တွေက အိန္ဒိယဘက်ခြမ်းကို ဒုက္ခသည်အနေနဲ့ ခဏဝင်ရောက်ခိုလှုံတယ်။ ကိုယ်မြို့ကိုယ်ရွာ အခြေအနေကောင်းရင် ပြန်ထွက်သွားကြမယ့်သူတွေ။ဘယ်သူမှ အိန္ဒိယနိုင်ငံထဲမှာ သူတို့နေခိုင်းရင်လည်း နေမယ့်သူ တစ်ယောက်မှတော့ မပါဘူး။

“အိန္ဒိယဖက်မှာ ခဏခိုလှုံတဲ့အချိန်မှာ အိန္ဒိယအစိုးရကနေပြီးမှ ရှောင်တခင်လိုမျိုး ဝင်ဖမ်းတယ်။ အယောက်တစ်ရာကျော် ဖမ်းတယ်။ ပြီးရင်အင်ဖာထောင်မှာ ဖမ်းထားတယ်။ အခုတော့ နည်းနည်းချင်းဆီ ပြန်လွတ် ပြီးတော့မှ အဲ့ဒီဖမ်းဆီးထိန်းသိမ်းခံရတဲ့သည့် အကျဉ်းသားတွေကို မြန်မာပြည်ကို ပြန်လွှဲတာတွေ သူတို့လုပ်တယ်။ ဒါပေမယ့် ပြီးတဲ့အခေါက် သူတို့လွှတ်ခဲ့တုန်းက အမျိုးသမီးနဲ့ကလေးငယ်တွေ တစ်ယောက်မှ မပါလာဘူး။ သူတို့ဖမ်းဆီးလိုက်တဲ့ အချိန်တုန်းကတော့ ကိုယ်ဝန်ဆောင်ဖြစ်နေတဲ့ အမျိုးသမီး တွေလည်း ပါသွားတယ်။

အင်ဖာထောင်မှာ သူတို့ကလေး မွေးတယ်။ အခုဆိုရင် ကလေးတွေနဲ့ ဖြစ်နေတယ်။ သူတို့ဖမ်းသွားတုန်းက ဆိုရင် ကလေးငယ်လေးတွေလည်း ရှိတဲ့သူတွေကိုပါ တခါတည်း ကလေးရော အကုန်ခေါ်သွားတယ်။ ဆိုတော့ အဲ့လိုမျိုး ပုံစံ အခုအင်ဖာထောင်မှာ ဖမ်းဆီးထိန်းသိမ်းခံထားရတဲ့ မြန်မာနိုင်ငံသားတွေ ဆိုလို့ရှိရင် ဘာအကူအညီမှမရဘူး။ ဟိုအထဲမှာ ခက်ခက်ခဲခဲနဲ့ ရှင်သန်ရပ်တည်နေရတယ်။ ပြန်လွတ်တဲ့အချိန်မှာလည်း ဒီအမျိုးသမီးတွေ ချန်ထား ခံခဲ့ရတယ်။ ပြောရမယ်ဆိုရင် တမူးခရိုင်ထဲမှာ ရှိနေတဲ့ ဒုက္ခသည်တွေ၊ စစ်ဘေးရှောင်ပြည်သူတွေ သူတို့တွေ အကုန်လုံးက လုံးဝကိုမေ့ပျောက်ခံနေတဲ့ အထဲမှာပါတယ်။ နောက်ဆက်တွဲအနေနဲ့ နောက်ထပ် ဘယ်လိုပဲဟာတွေ ဆက်ပြီးဖြစ်လာအုံးမလဲ ဆိုတာကတော့ စိုးရိမ်စရာတော့ရှိတယ်။”

နော်ဆဲဆဲ

ဦးဆောင်ဆွေးနွေးသူ

ကျေးဇူးအများကြီးတင်ပါတယ်။ စစ်ကိုင်းတိုင်းအထက်ပိုင်း ဆရာမဘွိုင်နူး ရှင်းပြသွားတဲ့ တမူးဒေသမှာဆိုရင် ကျမတို့သိတဲ့အတိုင်းဘဲ တကယ်ဝေးလံခေါင်ပါးတဲ့ နေရာတွေဖြစ်သလို ၊ လမ်းပန်းဆက်သွယ်ရေး၊ စစ်ပွဲလည်း အပြင်းအထန်ဖြစ်တဲ့ နယ်မြေဒေသလည်းဖြစ်တယ်။ ကျမတို့ အထူးသဖြင့်မိခင်ကလေးတွေရရှိရမည့် ကျန်းမာရေး အကာအကွယ်တွေ လုံးဝမရရှိတော့ဘူး။ အထူးသဖြင့် စစ်ဘေးရှောင်တွေနဲ့ အမျိုးသမီးငယ်တွေကလည်း ဒီနယ်စပ်ဖြစ်တဲ့ အိန္ဒိယနယ်စပ်ဘက်ကို သူတို့ရဲ့ဘဝဖူလုံမှုအတွက် သူတို့ထွက်ပေါက်ကိုရှာရင်းနဲ့ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုတွေ ကြုံတွေ့ရင်ဆိုင်နေရတာတွေလည်းရှိသလို အစောနကပြောတဲ့ ရောင်းစားခံနေရတာတွေ၊ သူများရဲ့ အစေခံဖြစ်နေရတာတွေကို ကြုံတွေ့နေရတာတွေကလည်း အများကြီး ရှိလာတဲ့အပေါ်မှာလည်း ဆွေးနွေးသွားပေးတာလည်း တွေ့ရတယ်။

ဆွေးနွေးပေးသည့် ဆရာမသုံးယောက်စလုံးရဲ့ ဆွေးနွေးဖလှယ်မှုမှာဆိုရင် နယ်မြေတစ်ခုနှင့်တစ်ခု မတူညီသည့် အခက်အခဲစိန်ခေါ်မှုတွေရှိသလို၊ တူညီတဲ့ အခက်အခဲစိန်ခေါ်မှုတွေလည်း ရှိတယ်။ ကျမတို့ ဒီနေ့စကားဝိုင်းမှာ ဖော်ထုတ်သွားသည့် အထူးသဖြင့် အမျိုးသမီးကိုယ်ဝန်ဆောင်တွေရော၊ အမျိုးသမီးငယ်တွေရော၊ လူငယ်တွေရော၊ ပြီးလို့ရှိရင် ဒီကလေးတွေရော၊သူတို့ဘဝဘယ်လောက်အထိ ခက်ခဲရုန်းကန်ရှင်သန်နေရလဲ ဆိုတာကိုလဲ ကျမတို့ ဒီ live ကနေ ကြည့်ရှုနားထောင်တဲ့ သူတွေဘဲဖြစ်ဖြစ်၊ ဇွန်းကနေ ပါဝင်နားထောင်နေတဲ့ သူတွေဘဲဖြစ်ဖြစ် ကျမတို့ အများကြီး လေ့လာသိရှိသွားမယ်လို ယုံကြည်တယ်။

ကျမတို့အနေနဲ့ ကျမတို့ အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) ဆိုရင် ကျမတို့ အဖွဲ့ဝင်အဖွဲ့အစည်း (၁၂) ဖွဲ့ ပူးပေါင်းပြီးတော့ လူသားချင်းစာနာထောက်ထားမှုနဲ့ ပတ်သက်တဲ့ မူဝါဒ၊ Positionအဆင့်ဆင့် ဆွေးနွေးမှုတွေ လုပ်ဆောင်ပြီးတော့ ထုတ်ပြန်ထားတာရှိတယ်။ အဲ့မှာဆိုရင်လည်း ကျမတို့တွေ နိုင်ငံတကာဆိုရင်လည်း နိုင်ငံတကာ၊ အိမ်နီးချင်းဆိုရင်လည်း အိမ်နီးချင်း၊ အထူးသဖြင့် အာဆီယံဆိုရင်လည်း အာဆီယံ ကျမတို့အနေနဲ့ တိုက်တွန်း

အကြံပြုချက် ပေးတာတွေရှိတယ်။ အထူးသဖြင့် နိုင်ငံတကာတွေဆိုရင်လည်း ပေးပို့နေသည့် ပံ့ပိုးမှုတွေ ဆိုရင် ကျမတို့တွေ ဒီစစ်ကောင်စီကနေတစ်ဆင့် သွားတာမျိုး မဟုတ်ဘဲနဲ့၊ စစ်ကောင်စီကို သွားပြီးတော့ တရားဝင်မှု သွားပေးတာမျိုး မဟုတ်ဘဲနဲ့ တကယ်လိုအပ်နေတဲ့ ပြည်သူလူထုဆီကို ရောက်ရှိဖို့ အကြံပြုတိုက်တွန်း တာတွေလည်းရှိသလို၊ အထူးအဖြင့် ကျမတို့တိုင်းရင်းသား အမျိုးသမီးအဖွဲ့အစည်းတွေ လှုပ်ရှားဆောင်ရွက်တဲ့ နေရာမှာ ဆိုရင်လည်း နယ်စပ်နဲ့ နီးတဲ့အစုအဖွဲ့တွေ အဖွဲ့အစည်းတွေလည်း အများကြီးရှိသလို၊ ကျမတို့ နယ်စပ်ဖြတ်ကျော်မှုကနေတစ်ဆင့် ကျမတို့ တိုက်ရိုက်ပံ့ပိုးနိုင်တဲ့ အနေအထားတွေ အများကြီးရှိတယ်။

> အဲ့ဒါကြောင့် ကျမတို့ကလဲ ဒီနယ်စပ်ဖြတ်ကျော်တဲ့ အကူအညီတွေကို ကူညီပံ့ပိုးဖို့၊ တာစိုက်မတ်မတ် လုပ်ဆောင်နေတဲ့ အဖွဲ့အစည်းတွေကို အသိအမှတ်ပြုဖို့ဆိုတဲ့ အကြံပြုချက်တွေရှိတယ်။ နောက်တာခုက ပံ့ပိုးမှုတွေကလည်း တိုက်ရိုက်လုပ်နေတဲ့ ဒီlocalအဖွဲ့အစည်းတွေ၊ ဒီလူသားချင်းစာနာထောက်ထားမှုတွေကို ကူညီနေတဲ့ အဖွဲ့အစည်း တွေကို တိုက်ရိုက်ချိတ်ဆက်ပြီးတော့ ပံ့ပိုးကူညီမှုတွေ လုပ်ဖို့ကိုလည်း ကျမတို့ တိုက်တွန်းအကြံပြုတာတွေလည်း ရှိတယ်။ ထို့အပြင် အာဆီယံနိုင်ငံတွေကို အထူးသဖြင့် နယ်စပ်ဖြတ်ကျော်မှုကို အသိအမှတ်ပြုပြီးတော့ ကူညီပံ့ပိုးပေးဖို့ကိုလည်း ကျမတို့ထပ်မံတိုက်တွန်းထားတာရှိတယ်။ ကျမတို့သိတဲ့အတိုင်းဘဲ လူသားချင်းစာနာ ထောက်ထားမှုတွေဆိုလည်း အာဆီယံက ဝင်လုပ်မလိုလိုနဲ့ ရှုပ်ယှက်ခတ်နေတဲ့အနေအထားမှာ ဘယ်နားမှ မရောက်ဘဲ စစ်ကောင်စီနဲ့ ပူးပေါင်းလုပ်ဆောင်နေတဲ့ အပိုင်းမှာဆိုရင်လည်း ကျမတို့ကြားသိရတဲ့ အနေအထားမှာ ထိရောက်တဲ့ ဆောင်ရွက်မှုတွေ မရှိဘူးဆိုတာလဲ ထောက်ပြထားသလို ကျမတို့သည် နယ်စပ်ဖြတ်ကျော်မှု ကနေတစ်ဆင့် ပံ့ပိုးဖို့ကိုလည်း တိုက်တွန်းထားတယ်။ ပြီးလို့ရှိရင် အာဆီယံကိုလည်း ထိုနည်းတူဘဲ စစ်ကောင်စီနဲ့ ဒီကနေတစ်ဆင့် မသွားဖို့ကိုလည်း ကျမတို့တိုက်တွန်းအကြံပြု ထားတာတွေလည်း ရှိတယ်။

နောက်တစ်ခုက ကျမတို့ အရပ်ဖက်အဖွဲ့အစည်းတွေ အထူးသဖြင့် လူသားချင်းစာနာထောက်ထားမှု ဝန်ဆောင်မှု ပေးနေတဲ့ အဖွဲ့အစည်းတွေကို ကျမတို့ အထူးသဖြင့်ချိတ်ဆက်ပြီး၊ တိုင်ပင်ညှိနှိုင်းပြီးတော့ ပူးပေါင်းဆောက်ရွက်ဖို့ ကိုလည်း ကျမတို့ အကြံပြုတိုက်တွန်းတာတွေ ရှိတယ်။ အထူးသဖြင့် လိုအပ်နေတဲ့ပြည်သူလူထုတွေကို အချိန်မီ၊ သူတို့ရဲ့လိုအပ်ချက်တွေကို အချိန်ကိုက်ပံ့ပိုးနိုင်ဖို့အတွက်ကိုလည်း အရပ်ဖက်အဖွဲ့အစည်းအပါအဝင်၊ အမျိုးသမီး အဖွဲ့အစည်းတွေကိုလည်း ပူးပေါင်းဆောင်ရွက်ဖို့ တိုက်ရိုက်ပံ့ပိုးဖို့ကိုလည်း တိုက်တွန်းတာတွေရှိတယ်။ အဲ့ဒါအပြင် အိမ်နီးချင်းနိုင်ငံတွေကိုလည်း ကျမတို့တိုက်တွန်းတာတွေ ရှိတယ်။ ဘာဖြစ်လို့ဆိုရင် ကျမတို့ လှုပ်ရှား ဆောင်ရွက်မှုတွေ၊ အခုကျမတို့ IDPsတွေဘဲပြောပြော၊ ကျမတို့ပြည်သူလူထုတွေက နယ်စပ်ကျော်ပြီး နေထိုင်နေတာရှိသလို၊ မကျော်ပဲနယ်စပ်နားတကွေ့မှာ နေထိုင်နေတာဖြစ်တဲ့အတွက်ကြောင့် နှစ်နိုင်ငံရဲ့အခြေအနေမှာလည်း ဆက်စပ်ဆောက်ရွက်ရတဲ့ အပိုင်းတွေရှိတယ်။ ထို့ကြောင့် အထူးသဖြင့် UNHCR၊ NGO အဖွဲ့အစည်းတွေက ဒီလူသားချင်းစာနာထောက်ထားမှုတွေ၊ ပြည်တွင်းကနေ ကူညီဆောင်ရွက်တဲ့အခါမှာ တစ်ကယ်ထိရောက်တဲ့ နေရာမျိုးတွေ မရောက်ဘူး။ စောနကကရင်နီဆိုရင်လည်း သူတို့လှုပ်ရှားဆောက်ရွက် ပံ့ပိုးတဲ့နေရာမှာဆိုရင်လည်း ဒီနေ့ ဒီအချိန်ထိ ဘယ်အလှူရှင်မှ မရောက်ရှိဘူးဆိုတာလည်း ထောက်ပြသလို၊ တမူးဒေသ၊ တအာင်းဒေသမှာကော ထောက်ပြထားတယ်။ ဆိုတော့ ဒီဒေသမှာဆိုရင်လည်း တကယ် လူသားချင်းစာနာထောက်ထားမှုကိုကူညီပံ့ပိုးပေးတဲ့နိုင်ငံတွေကအဆက်အသွယ်လည်းအများကြီးမရသလို၊ မရောက်ရှိနေဘူးဆိုတာကိုလည်း ကျမတို့ တွေ့ရသည့်အတွက်ကြောင့် လူသားချင်းစာနာထောက်ထားမှု အဖွဲ့အစည်းတွေနဲ့ ပူးပေါင်းဆောင်ရွက်ဖို့ အကြံပြုပေးတာရှိတယ်။ နောက်တခုက ကျမတို့က ပေးတော့ပေးတယ်။ တခါတလေကျလို့ရှိရင် လုံလောက်တဲ့ အပေးမျိုးမဟုတ်ဘဲနဲ့ တစ်ချို့ကျတော့ စစ်ကောင်စီကနေ သွားပြီးတော့ စစ်ကောင်စီက လူသား

ချင်းစာနာထောက်ထားမှုကို အသုံးချပြီးတော့ သူတို့ရဲ့စစ်ရေးအင်အားတွေကို ဖြည့်တဲ့ဟာမျိုးတွေ ဖြစ်လာတဲ့အပေါ်မှာရော ကျမတို့ဒါမျိုးတွေကိုလည်းမဖြစ်ဖို့ ဒီလိုမျိုးစစ်ရေး အင်အားတွေ အကူအညီအထောက်အကူမဖြစ်ဖို့ကိုလည်း လူသားချင်း စာနာထောက်ထားမှုကို နယ်စပ် ဖြတ်ကျော် ကနေတဆင့် တိုက်ရိုက်အထူးသဖြင့် အဖွဲ့အစည်းတွေနဲ့ တိုက်ရိုက်ချိတ်ဆက်ပြီး လုပ်ဆောင်နေသည့် အဖွဲ့အစည်းကို တိုက်ရိုက်ချိတ်ဆက်လုပ်ဆောင်ဖို့ကို ကျမတို့တွေ တိုက်တွန်းထားတာဖြစ်တယ်။

နောက်တစ်ခုက ကျမတို့သည် နယ်စပ်ဖြတ်ကျော်သည့် အကူအညီကို ထိရောက်စေဖို့အတွက် ကြားခံနယ်မြေ သတ်မှတ်တာမျိုးတွေ၊ လုံခြုံရေးတာဝန် ဆောင်ရွက်ပေးတာမျိုးတွေကိုလည်း လုပ်ဆောင်ပေးဖို့ကိုလည်း ကျမတို့ အိမ်နီးနားချင်းနိုင်ငံတွေကိုလည်း တိုက်တွန်းနိုးဆော်ထားတာတွေရှိတယ်။ နောက်တခုကကြတော့ စစ်ဘေးရှောင် တွေနဲ့ ဒုက္ခသည်တွေရဲ့ နေရာပြန်လည်နေရာချထားရေး အစီအစဉ်တွေဘဲပြောပြော၊ သူတို့ရဲ့လုံခြုံရေး၊ သူတို့ ရေရှည်ရပ်တည်နိုင်ရေး၊ အသက်ရှင်ရပ်တည်နိုင်ရေး၊ အသက်မွေးဝမ်းကျောင်း အာမခံချက်ရှိဖို့အရေးကိုလည်း စောနက ကျန်းမာရေး၊ ပညာရေး အကုန်လုံးဆက်သွယ်ရေး ယန္တရားတွေမှာလည်း နိုင်ငံတကာ စံချိန်စံညွှန်းနဲ့ အညီ လုပ်ဆောင်ပေးဖို့၊ ပံ့ပိုးပေးဖို့၊ ကူညီပေးဖို့ကိုလည်း ကျမတို့တိုက်တွန်းထားတာရှိတယ်။ ဒါကကျမတို့ အဖွဲ့ဝင်အဖွဲ့အစည်း (၁၂) ဖွဲ့ ကနေလာတဲ့ အခြေအနေအချိန်အခါပေါ်မှာလာတဲ့ ကျမတို့ တိုက်တွန်း အကြံပေးချက် တွေဖြစ်တယ်။

ကျမတို့ နောက်ဆုံးအနေနဲ့ ဆရာမတို့ကို ပြန်ပြီးတော့ ဖိတ်ခေါ်ချင်တယ်။ ကိုယ့်ဒေသနယ်မြေအပေါ် အခြေခံပြီးတော့ အကြံပြုချက်ကို ကျမတို့စောနက ဆွေးနွေးမှုတွေကို နားထောင်ကြည့်လိုက်တဲ့အခါမှာ ကျမတို့ ရရှိရမည့် ဘဏ္ဍာငွေအထောက်အပံ့တွေ၊ လူသားချင်းစာနာထောက်ထားမှုကို ကူညီပံ့ပိုးသည့် နိုင်ငံတွေဘဲ ပြောပြော၊ အဖွဲ့အစည်းတွေဆီကနေ ဒီလိုမျိုးဘဏ္ဍာငွေ အထောက်အပံ့ အကြီးကြီးရသော်လည်း ကျမတို့ မရ သည့်အခါမှာ ကျမတို့နိုင်ရာကိုဘဲ ထမ်းနေရတာဖြစ်သလို၊ စောနကျမတို့ ကရင်နီဆိုရင်လည်း ကရင်နီ လူမျိုးတွေ ဒီနိုင်ငံအသီးသီးမှာရှိနေတဲ့ ကရင်နီလူမျိုးတွေက ဒီသူတို့တွေရဲ့ donoationတွေ၊ ပံ့ပိုးမှုကနေ ပံ့ပိုးနေရတာ ဖြစ်သလို တခြားသောလူမျိုးတွေ ကူကီးဆိုလဲကူကီး၊ တအာင်းဆိုလဲတအာင်း၊ ကျမတို့ diaspora ကနေ ကျမတို့ ကူညီပံ့ပိုးမှုတွေရတယ်။ ရသလောက်ဘဲ ကျမတို့က ပံ့ပိုးရတယ်။ ပံ့ပိုးတဲ့နေရာမှာလည်း စောနက ကျမတို့ အများကြီး ဆွေးနွေးဖော်ထုတ်ထားတာကတော့ အမျိုးသမီးနဲ့ ကလေးငယ်တွေရဲ့ မတူကွဲပြားတဲ့ လိုအပ်ချက် တွေက အရမ်းကြီးလွမ်းခြုံမှုလည်း မရှိသလို သူတို့အတွက်ကို ပံ့ပိုးကူညီပေးရမည့် ယန္တရားဘဲပြောပြောဘဏ္ဍာရေးအရဘဲပြောပြော အားနည်းနေတယ်။ တစ်ချို့ဆိုရင် အထူးသဖြင့် ကျန်းမာရေး၊ ပညာရေးအတွက် cover ပေးဖို့ကလည်း ပေးဖို့မရှိသလောက် ဖြစ်နေတယ်။ ထို့ကြောင့်ဆရာမတို့ရဲ့ ဒီနယ်မြေဒေသအခြေခံပြီးတော့ လူသားချင်းစာနာထောက်ထားမှုနဲ့ ပတ်သက်တဲ့အကြံပြုချက်၊ ကျမတို့ရဲ့ ဒီလူသားချင်းစာနာထောက်ထားမှုက နိုင်ငံတကာတခုဘဲမကဘူး။ ကျမတို့ရဲ့ ဒီနယ်မြေမှာရှိနေတဲ့ Actor တွေ၊ အင်အားစုတွေကိုလည်း ကျမတို့ဘယ်လိုအကြံပြုချက်တွေနဲ့ ဘယ်လိုတောင်းဆိုမှုတွေနဲ့ တောင်းဆိုချင်လဲဆိုတာကိုလည်း ထည့်သွင်းအကြံပြု ပေးလို့လည်းရပါတယ်။ ဒီလူသားချင်းစာတာထောက်ထားမှုနှင့် ပတ်သက်ပြီးတော့ စောနကပြောတဲ့အခက်အခဲ၊ စိန်ခေါ်မှုတွေ၊ အကြပ်အတည်းတွေကို ဖြေလျှော့နိုင်ဖို့အတွက် ကျမတို့ဘယ်လိုလုပ်ဆောင်သင့်သလဲ? ဘယ်လို အကြံပြုချင်လဲ?

မေးခွန်း (၃)

အမျိုးသမီးများ၏ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးဆိုင်ရာ လိုအပ်ချက်များအပေါ်အခြေခံပြီး သက်ဆိုင်ရာ တာဝန်ရှိသူများ၊ နိုင်ငံတကာ အသိုင်းအဝန်းများ အကောင်ထည်ဖော်ဆောင်ရွက်ရန် အရေးပေါ်လိုအပ်သော အကြံပြုချက်များ မျှဝေပေးရန်။

လိုည်းပကျိုဝ်းဏး

တွဲဖက်အထွေထွေအတွင်းရေးမှူး (၁) (တအာင်းအမျိုးသမီးအဖွဲ့အစည်း)

ကျမတို့က နိုင်ငံတကာအဖွဲ့အစည်းတွေကို ပထမဦးဆုံးပြောချင်တဲ့ အပိုင်းမျိုးတွေရှိတယ်။ ကျမတို့သည် လူသားချင်းစာနာထောက်ထားမှုကို အကူအညီပေးတဲ့အခါမှာ ကျမတို့ဆိုရင် အမြဲတမ်းနိုင်ငံတွေရဲ့ ထုတ်ပြန်ချက် အမြဲတမ်းတွေ့ရတယ်။

မြန်မာနိုင်ငံအတွက် သန်းနဲ့ချီပြီး၊ ဘီလီယံနဲ့ချီပြီး လူသားချင်းစာနာထောက်ထားမှု အကူအညီပေးနေပါတယ်ဆိုတဲ့ အနေအထားမျိုးတွေက အခြားသောနိုင်ငံတွေကနေပြီးမှ မြန်မာနိုင်ငံအတွက် ဘယ်လိုပံ့ပိုးပေးနေလဲဆိုတဲ့ အချက်အလက်တွေကို ကျမတို့တွေ့နေရတယ်။ ဒါပေမယ့် တကယ်မြေပြင်မှာ ကျတော့ လုံလောက်တဲ့ လူသားချင်းစာနာထောက်ထားမှုတွေက မရောက်နေဘူး။ အဲဒါကြောင့် အဲ့လိုမျိုးဖြစ်တဲ့ အနေအထားမျိုးမှာ ဒေသအတွင်းမှာ လှုပ်ရှားဆောင်ရွက်နေတဲ့၊ အခုဆိုရင်တော့ ပိုပြီးတော့တောင်မှ တစ်ချို့ဒေသ တွေမှာဆိုရင်တော့ Federal Unitကနေ့တစ်ဆင့် အကောင်အထည်ဖော်နေတဲ့ ဒေသန္တရအုပ်ချုပ်ရေးတွေ ရှိတယ်။

မြေပြင်ပေါ်မှာ အဓိကလှုပ်ရှားဆောင်ရွက်နေတဲ့ အမျိုးသမီးအဖွဲ့အစည်းတွေ၊ အရပ်ဖက်အဖွဲ့အစည်းတွေ အများကြီးရှိတယ်။ ဒီလူအဖွဲ့အစည်းတွေက မြေပြင်မှာ ဘယ်လိုသွားလာလှုပ်ရှားပြီးမှ စစ်ရှောင်တွေရဲ့ လိုအပ်ချက် ဘာလဲဆိုတာကို သူတို့ကောင်းကောင်းသိတယ်။ အချိတ်အဆက်လည်း ကောင်းကောင်းသိတယ်။ တစ်ကယ်လို့ ဒီလမ်းမရောက်ဘူးဆိုရင် ဘယ်လမ်းသွားပြီးမှ ဘယ်လိုပံ့ပိုးရမလဲဆိုတာကို သူတို့ကောင်းကောင်းသိတယ်။ အဲ့ဒါကြောင့် ကျမတို့ နိုင်ငံတကာအဖွဲ့အစည်းတွေအနေနဲ့ မြေပြင်မှာ အလုပ်လုပ်နေတဲ့ ဒီအဖွဲ့အစည်းတွေနဲ့ ပိုပြီးတော့ ပူးပေါင်းဆောင်ရွက်မှုတွေ၊ သူတို့အတွက်လိုအပ်တဲ့ပံ့ပိုးမှုတွေ၊ နည်းပညာပံ့ပိုးမှုတွေ ပိုပြီးတော့ ပူးပေါင်းလုပ်ဆောင်ပေးဖို့လိုသည်။

ဒေသအတွင်းမှာရှိနေတဲ့အခုစပြီးလည်ပတ်နေတဲ့ကာကွယ်ရေးယန္တရားတွေ၊အုပ်ချုပ်ရေးယန္တရားတွေ၊ ဒေသန္တရအုပ်ချုပ်ရေးတွေ၊ အဲ့ဒီစနစ်တွေ ပိုပြီးတော့အားကောင်းလာဖို့၊ အမျိုးသမီးတွေနဲ့ ကလေးတွေအတွက် ပိုပြီးတော့ အကာအကွယ်ရှိလာဖို့၊ အမျိုးသမီးမူဝါဒတွေ၊ Genderမူဝါဒ ထည့်သွင်းစဉ်စားမှုတွေ၊ အမျိုးသမီး ငြိမ်းချမ်းရေးနှင့်လုံခြုံရေး ထည့်သွင်းစဉ်စားမှုတွေ ပိုမိုအားကောင်းလာဖို့ ဒီအဖွဲ့တွေအတွက် လိုအပ်တဲ့ နည်းပညာ ပံ့ပိုးမှုတွေကိုလည်း ထောက်ပံ့ပေးစေချင်တယ်။ ဒါမှကျမတို့က အောက်ခြေကနေတစ်ဆင့် စပြီးတော့ Federal Democracy နိုင်ငံတော်ကြီးကို စတည်ဆောက်တဲ့အခါမှာ ကျမတို့ရဲ့ အောက်ခြေကနေ တည်ဆောက်တဲ့ ယန္တရားတွေ၊ မူဝါဒတွေ၊ လူထုအပေါ် အကာကွယ်ပေးမှုယန္တရားတွေ အားကောင်းမှဘဲ ကျမတို့က အခြေခိုင်မယ် လိုတော့မြင်တယ်။

ဒီအဖွဲ့အစည်းတွေက အမြဲတမ်း မြေပြင်မှာ ရှိနေမှာဖြစ်သည့်အတွက်ကြောင့် ပူးပေါင်းဆောက်ရွက်ဖို့ လိုအပ်တယ်။ အမျိုးသမီးပါဝင်မှု မြင့်မားလာဖို့အတွက် နယ်မြေအဆင့်ကစပြီးတော့ အထက်ဆင့် အထိလည်း ထည့်သွင်းစဉ်စားမှုတွေ၊ ကျမတို့က အပေါ်ဆုံးနိုင်ငံတော်အဆင့်မှာ ရှိနေတဲ့အဖွဲ့အစည်း၊ နိုင်ငံရေး platform ကိုဘဲမြင်နေလို့မရဘူး။ မြေပြင်မှာရှိ

သည့် အဖွဲ့အစည်းတွေကိုလည်း ပိုပြီးတော့ ထည်သွင်းစဉ်စားမှုတွေ၊ နည်းပညာပံ့ပိုးမှုတွေ၊ အရင်းအမြစ်ပံ့ပိုးမှုတွေလည်း လုပ်ပေးဖို့လိုတယ်။ တစ်ဆက်တည်းမှာဘဲ ကျမတို့ရဲ့ သက်ဆိုင်ရာ ဒေသခေါင်းဆောင်တွေ အနေနဲ့ကလည်း စစ်ပွဲတွေဖော်ဆောင်တဲ့အခါမှာ တော်လှန်ရေးအတွက် ဒါကအထောက်အကူ ဖြစ်တယ်ဆိုပေမယ့်လဲ အမျိုးသမီးတွေကနေပြီး မှ စစ်ပွဲကနေတစ်ဆင့်၊ စစ်ပဋိပက္ခ ကနေတစ်ဆင့် ကြုံတွေ့လာတဲ့ ဆိုးကျိုးသက်ရောက်မှုတွေ၊ ဒီစစ်ပဋိပက္ခကနေတစ်ဆင့် ဖြစ်လာမယ့် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုတွေ၊ ကိုယ့်ရဲ့တပ်သားကနေတစ်ဆင့် ရှေ့တန်းတစ်နေရာကနေနေပြီး စစ်ပွဲမြေပြင် မှာ ကျူးလွန်နိုင်မည့် လူ့အခွင့်အရေးတွေ၊ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုတွေ၊ ဒါတွေကို တားဆီးကာကွယ်ဖို့အတွက် သူတို့ကိုလည်း အမျိုးသမီးဆိုင်ရာ လိုက်နာရမည့်ကိစ္စတွေ၊ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု အသိပညာ အတွက် လိုက်နာရမည့် အမိန့်ထုတ်ပြန်စာတွေ၊ သင်ကြားပေးမှုတွေကိုလည်း လေ့ကျင့်သင်ကြားပေးဖို့ လိုအပ် တယ်။

အခြားတစ်ဖက်မှာလဲ စစ်ရေးအစီအစဉ်တွေ ဖော်ဆောင်သလိုဘဲ ကျမတို့အမျိုးသမီးတွေ၊ လူထုတွေအတွက်လည်း သူတို့ရဲ့အသက်အန္တရာယ်ကာကွယ်ပေးမှု၊ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုတွေ အခြားအခြားသော ဘေးအန္တရာယ် စိန်ခေါ်မှုတွေကိုလည်း ကြိုတင်ကာကွယ်ရေး အစီအစဉ်တွေချမှတ်သည့်အခါ ထည့်သွင်းစဉ်စားပြီး တပြိုင်နက်ထဲ လုပ်ဆောင်ပေးဖို့လည်း လိုအပ်တယ်လိုမြင်ပါတယ်။ အခြားတစ်ဖက်မှာလည်း မြေပြင်မှာ လှုပ်ရှားဆောက်ရွက် နေတဲ့ အရပ်ဘက်အဖွဲ့အစည်းတွေ၊ လူထုအခြေပြု အဖွဲ့အစည်းတွေက နေပြီးမှ အမျိုးသမီးအရေး လှုပ်ရှား ဆောင်ရွက်နေတဲ့ လှုပ်ရှားမှုတွေ၊ လူသားချင်းစာနာထောက်ထားမှုကို ကူညီပေးနေတဲ့ အဖွဲ့အစည်းတွေကိုလည်း လွတ်လွတ်လပ်လပ် ကူညီလုပ်ဆောင်ခွင့်ပေးပြီးမှ ပံ့ပိုးမှုတွေလည်းပေးဖို့ လိုအပ်တယ်။ လူသားချင်း စာနာထောက်ထားမှုတွေပြင်ပေးမည့် လမ်းကြောင်းတွေကိုလည်း ပိတ်ပင်တားမြစ်တာမျိုးတွေ မလုပ်ဘူး။ သူတို့အတွက် ဒီမြေပြင်အခြေအနေတွင် ဒုက္ခသည်တွေ၊ စစ်ရှောင်တွေဆီမှာ ရောက်နိုင်ဖို့အတွက် လမ်းကြောင်း တွေ ကောင်းကောင်းမွန်မွန် ဖွင့်ပေးတာမျိုး၊ လမ်းကြောင်းပြပေးတာမျိုး၊ လုပ်မလား၊ ဒီလိုမျိုး မြေပြင်မှာ စစ်ရှောင်ပြည်သူတွေအတွက် လူသားချင်းစာနာထောက်ထားမှုတွေ ရောက်နိုင်အောင်လည်း လုပ်ဆောင်ပေးဖို့ ပြောချင်ပါတယ်။

နောက်ဆုံးတာခုအနေဖြင့် ကျမတို့ အိမ်နီးနားချင်းနိုင်ငံတွေအနေနဲ့ ကျမတို့တွေ ဒေသအတွင်းမှာ နေရာတိုင်းမှာ စစ်ပွဲတွေ ဖြစ်နေတယ်။ စစ်ရှောင်နေရာကို မရှိသလောက်ဖြစ်နေတဲ့ အနေအထားမျိုးမှာ တစ်နေရာရှောင် တစ်နေရာစစ်ပွဲပြန်ဖြစ်တယ်။ တစ်နေရာရှောင် တစ်နေရာစစ်ပွဲပြန်ဖြစ်တယ်။အဲ့လိုဖြစ်နေတဲ့ အနေအထားမျိုး မှာဆိုရင် ဒီနယ်စပ်ဒေသမှာဆိုရင်လည်း စစ်ရှောင်တွေကို ခိုလှုံခွင့်တွေပေးဖို့ တောင်းဆိုချင်ပါတယ်။

ဒေသအတွင်းမှာ ဖြစ်နေတဲ့ ပဋိပက္ခတွေကြောင့် အခြားအိမ်နီးချင်းနိုင်ငံတွေမှာ သွားရောက်ပြီးမှ အလုပ်လုပ် နေရတဲ့ အနေအထားမျိုးမှာဆိုရင်လည်း အလုပ်သမားတွေရဲ့ အခွင့်အရေးတွေကိုလည်း ကာကွယ်ပေးဖို့၊ သူတို့ အပေါ်မှာပြန်ပြီး ခေါင်းပုံဖြတ်အမြတ်စားတာတွေ၊ လူကုန်ကူးမှုတွေ၊ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုတွေ၊ နယ်စပ်၊ တခြားနိုင်ငံမှာဖြစ်ပွားနေတဲ့ ကိစ္စရပ်တွေလည်း ကျမတို့ democracy လမ်းစဥ်ကို ဖော်ဆောင်နေတဲ့ တော်လှန်ရေးကို ပါဝင်အားဖြည့်ပေးနေတဲ့ အဖွဲ့အစည်းတွေနဲ့အတူ ပူးပေါင်းဆောက်ရွက်ပေးဖို့ တောင်းဆိုချင် ပါတယ်။ ဒါမှ ကျမတို့ကနေပြီးမှ သူတို့ကို ဘယ်လိုကူညီဆောင်ရွက်ပေးရမလဲ ဆိုတာတွေကိုလည်း ထည့်သွင်း ဆောက်ရွက်နိုင်မှာဖြစ်တယ်။

တခြားတစ်ဖက်မှာဆိုရင်လည်း ကုန်လမ်းကြောင်းတွေ အိမ်နီးနားချင်းနိုင်ငံတွေ နှင့်ကုန်လမ်းကြောင်းပိတ်ဆို့မှုတွေ လုပ်တဲ့အခါမှာဆိုရင်လည်း စစ်ရှောင်ပြည်သူလူထုပေါ်မှာ ထိခိုက်လာနိုင်မယ့် အကျိုးဆက်တွေလည်း ထည့်သွင်းစေချင်တယ်။ ကုန်တွေပိတ်ချလိုက်တာမျိုး၊ အခြေခံစားသောက်ကုန်တွေ ပိတ်ချလိုက်တာမျိုး၊ နယ်စပ်တွေအကုန်လုံး ပိတ်ချလိုက်တာမျိုးတွေက ကျမတို့ဒီဘက်ခြမ်းမှာ ရှိနေတဲ့ စစ်ရှောင်တွေ၊ လူထုတွေ၊ အမျိုးသမီး၊ မိန်းကလေးငယ်တွေအတွက် ပိုပြီးတော့ အသက်အန္တရာယ် ထိခိုက်မှုတွေ၊ အခြားသော အန္တရာယ်ထိခိုက်မှုတွေ အများကြီး ကြုံတွေ့လာနိုင်သည်။ ထိုအန္တရာယ်စိန်ခေါ်မှုတွေလည်း ထည့်သွင်းစဉ်စားပြီးမှ အခြားသောဖြေလျှော့မှုတွေ လုပ်ဆောင်ပေးဖို့လည်း တောင်းဆိုချင်ပါတယ်။

နော်ဆဲဆဲ

ဦးဆောင်ဆွေးနွေးသူ

ဟုတ်ကဲ့ပါ။ အထူးသဖြင့် ရှမ်းပြည်မြောက်ပိုင်းရဲ့ အခြေအနေကို အခြေခံပြီးတော့ အကြံပြုတိုက်တွန်းချက်တွေပါ။ အထူးသဖြင့် ကျမတို့သည် ပဋိပက္ခကြောင့် ဆက်နွှယ်ဖြစ်ပေါ်လာတဲ့လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုတွေ၊ အကြမ်းဖက်မှုတွေကြောင့် ဒါမှမဟုတ်ရင်လည်း ဝန်ဆောင်မှုတွေကြောင့် ဒီလုပ်ဆောင်နေသည့် အခြေအနေ တွေမှလည်း Genderရှုထောင့်ရှိဖို့၊ Gender policy ရှိဖို့၊ Gender Budgeting တွေလည်းထည့်သွင်း စဉ်စားဖို့၊ ဒါမျိုးတွေအကာအကွယ်ပေးတဲ့ ဥပဒေတွေလည်း ထည့်သွင်းစဉ်စားဖို့၊ မူဝါဒတွေလည်း ထည့်သွင်းစဉ်စားဖို့ ဆိုတဲ့ အချက်တွေကိုလည်း အကြံပြုထားတာဖြစ်သလို အထူးသဖြင့် နယ်စပ်မှာရှိနေတဲ့ အိမ်နီးချင်းနိုင်ငံများကလည်း စစ်ပဋိပက္ခကြောင့် ဖြစ်ပေါ်လာတဲ့ အကျိုးဆက်တွေကလည်း ဒီထပ်မံပြီးတော့ ပိတ်ပင်မှုတွေ မလုပ်ဘဲနဲ့ နားလည်ပြီးတော့ ကူညီပံ့ပိုးမှုဆောင်ရွက်မှုတွေ လုပ်ဆောင်ပေးဖို့၊ နောက်အကောင်းဆုံးအကြံပြုချက်တစ်ခုက အထူးသဖြင့် ဒီစစ်ပဋိပက္ခရဲ့ နောက်ဆက်တွဲဖြစ်လာတဲ့ IDPsတွေဘဲပြောပြော၊ ကိစ္စရပ်တွေ အခြေခံလိုအပ်နေတဲ့ ဒီပြည်သူလူထုတွေရဲ့ အခြေခံလိုအပ်ချက်တွေကို ကောင်းကောင်းမွန်မွန် ပံ့ပိုးနိုင်ဖို့ကလည်း၊ အထူးသဖြင့် တော်လှန်ရေးအင်အားစုတွေမှာဘဲပြောပြော၊ တော်လှန်ရေးမှာပါဝင်လှုပ်ရှားနေတဲ့ သူတွေအကုန်လုံးကလည်း နည်းလမ်းရှာပြီးတော့ ကောင်းကောင်းမွန်မွန်လုပ်ခွင့်တွေ နည်းလမ်းရှာပေးဖို့တောင်းဆိုထားတာကိုကြားရတယ်။

မော်ဗရေးမြာ

ဥက္ကဋ္ဌ (ကရင်နီအမျိုးသမီးအစည်းအရုံး)

ပထမဆုံး တစ်ခုအနေနဲ့က ကရင်နီပြည်နယ်မှာက ကြားကာလ အုပ်ချုပ်ရေး ဖော်ဆောင်ပေးနေတဲ့ IEC တွေလဲ ရှိလာတယ်။ ဆိုတော့အဲ့အခါမှာ အထူးသဖြင့် ကျမတို့ကြားကာလ ဒီလူသားချင်းစာနာထောက်ထားမှု အကူအညီ ကြားကာလပညာရေး၊ ကျန်းမာရေး ပေးရမည့် ဝန်ဆောင်မှုတွေလည်း တောက်လျှောက်ကော်မတီအလိုက် အလုပ်လုပ်နေကြတာမျိုးတွေလည်း ရှိတယ်။ ဆိုတော့ ဒီလိုမျိုးအကောင်အထည်ဖော်တဲ့အခါမှာ အထူးသဖြင့်သည် အမျိုးသမီးတွေရဲ့ ကျား-မ တန်းတူရေးကို ပိုပြီးတော့မှ အလေးထားစေချင်တယ်။ ကျား-မတန်းတူရေး ပြောတဲ့ အခါမှာလည်း အဓိက အမျိုးသမီးအရေးဘဲ ပြောတာဆိုတာထက် အားလုံးအကြုံးဝင်တဲ့ LGBTအရေး၊ နောက်ပြီးတော့ မသန်စွမ်းလူနည်းစု၊ ပြီးလိုရှိရင် အမျိုးသားအမျိုးသမီးအရေးကိုပါ တန်းတူကျမတို့ ထည့်သွင်းမယ်ဆိုရင်တော့ တကယ်ပဋိပက္ခနဲ့ ဆက်နွယ်နေတဲ့ အကြမ်းဖက်မှုတွေ၊ ခုနကျမတို့ ဒီမြေပြင်မှာ ကြုံနေရတဲ့ အမျိုးသမီးရဲ့ လုံခြုံရေးဆိုင်ရာကိစ္စတွေ၊ မြင်ရသည့်ကိစ္စတွေကိုတော့ ပိုပြီးတော့မှ ဖြေလျှော့နိုင်မှာဖြစ်တယ်လို့ ကျမမြင်တယ်။

ဒါတွေကိုလည်း အရေးတကြီးနဲ့ အရေးတယူနဲ့ လက်တွေ့အကောင်အထည်ဖော်ပေးဖို့လဲ အကြံပြုချင်တယ်။ တစ်ဖက်မှာဆိုလို့ရှိရင်လည်း စစ်ပဋိပက္ခဖြစ်လာတာနဲ့ တစ်ပြိုင်ထဲ ပါဝါမညီမျှမှုတွေကလည်း ပိုများလာတယ်။ တပြိုင်နက်ထဲ အကြမ်းဖက်မှုတွေ ရှိလာတယ်။ တပ်တွင်း လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုတွေ တစ်ချို့ရှိနေတဲ့အပေါ်မှာ ဆိုလို့ရှိရင်လည်း စည်းစနစ်တကျနဲ့ သေချာဖော်ထုတ်ပြီးတော့ တပ်တွင်းမှာပါဝင်နေတဲ့ အမျိုးသမီးတွေအတွက် အကာအကွယ်တွေပေးတဲ့ မူတွေကို ဘယ်လိုရေးဆွဲရမလဲ ဆိုသည့်အချက်ကိုလည်း တပ်တွင်းထဲမှာပါနေသည့် အမျိုးသမီးအစုဖွဲ့ကော၊ အပြင်မှာရှိနေတဲ့ အမျိုးသမီးအင်းအားစုအဖွဲ့တွေနဲ့ သေချာ တွေ့ဆုံပြီး မူဝါဒချမှတ်စေလိုသည်။

KSCC မှာ အမျိုးသမီးပါဝင်မှု အနည်းဆုံး (၃၀) ရာခိုင်နှုန်း ချမှတ်ထားပြီဆိုပေမဲ့ ဒီဌာနအလိုက် အမျိုးသမီးပါဝင်မှု သတ်မှတ်ထားသည့် ရာခိုင်နှုန်းပြည့်မှီအောင် ယနေ့အချိန်ထိ အကောင်အထည်ဖော်မှု အားနည်းနေဆဲဖြစ်သည်။ ဒါကလဲသည် Gender budgeting ကိစ္စတွေရဲ့ သက်ရောက်မှုဖြစ်တယ်။ အစဉ်တစိုက်သေချာစနစ်တကျ အမျိုးသမီးတွေရဲ့အသံကို ဘယ်လိုပုံဖော်ပြီးတော့မှ အားကောင်းအောင် လုပ်မလဲဆိုသည့်အပိုင်းကိုလည်း ဆက်လက်ဆွေးနွေးစေလိုတယ်။ ကျမတို့လူသားချင်းစာနာထောက်ထားမှုအကူညီပေးတဲ့အခါမှာဆိုရင်လည်း ကူညီပေးနေသူတွေအနေနဲ့ အထူးသဖြင့် PSEAH ကို လေးစားလိုက်နာပြီးတော့မှ အကောင်အထည်ဖော်ပေးဖို့ လိုအပ်သလို တစ်ဖက်မှာ ဆိုလျှင်လည်း လူထုတွေ အချင်းချင်း ပိုပြီးတော့ ပဋိပက္ခဖြစ်စေမှု မရှိအောင်ကလဲ အများကြီးစဉ်စားဆင်ခြေရမယ်။ ဆောင်ရန်ရှောင်ရန် လုပ်ရမည့်အချက်တွေကိုလည်းဘဲ အဲ့ထက်ပိုအားကောင်း အောင်လည်း ဆက်ပြီးတော့မှလုပ်ဆောင်စေလိုတယ်။

အထူးသဖြင့် ကျမတို့ပြည်နယ်အနေအထားမျိုးနဲ့ ဆိုရင်မြေပြင်မှာ အကြမ်းဖက်စစ်တပ်က သွားလာ လှုပ်ရှားနိုင်သည့် နေရာအနေအထားမျိုး အားနည်းသွားတယ်ဆိုပေမဲ့ အရမ်းကြောက်စရာကောင်းတာက လေယာဉ်ရန်ကို အသုံးပြုပြီး လာကြဲတာ ဖြစ်တယ်။

နိုင်ငံတကာကို ကျမအနေဖြင့် မဖြစ်မနေ အကြံပြုတိုက်တွန်း လိုတာကတော့ အကြမ်းဖက်စစ်တပ်တွေကို လက်နက်အင်းအား ထပ်မံရောင်းတဲ့ကိစ္စတွေ၊ လောင်စာဆီတွေ ရောင်းပေးတဲ့ ကိစ္စတွေကြောင့် ကျမတို့ပြည်တွင်းပြည်သူလူထုတွေကို ပိုပြီးစစ်ရာဇဝတ်မှုကျူးလွန်အောင် အားပေးအားမြှောက်တဲ့ အနေအထားမျိုးတခု ရောက်စေတယ်။ ဘာလိုဆိုလိုရှိရင် လေယာဉ်တစ်ခါ လာကြဲလိုက်တာနဲ့ ပြည်သူလေးငါးဆယ် ထိခိုက်ဒဏ်ရာရပြီးတော့မှ တစ်ဆယ်နှစ်ဆယ် သေဆုံးသွားတဲ့ အမျိုးသမီး၊ ကလေးတွေက မြင်ရက်စရာမရှိအောင် စုတ်ပြတ်သတ်သွားတယ်။ အကယ်၍ စစ်ကောင်စီရဲ့ စီပွားရေးပိတ်ဆို့မှုတွေ၊ အခြားသောပိတ်ဆို့မှုတွေ၊ လောင်စာဆီရောင်းဝယ်မှုကိစ္စတွေ၊ လက်နက်ရောင်းဝယ်မှု ကိစ္စတွေ သူတို့ကို အရေးတယူနဲ့ သူတို့ကိုယ်ကျိုးစီးပွားကို မလုပ်ပေးဘူးဆိုလျှင် ကျမတို့ကရင်နီပြည်နယ်မှ မဟုတ်ဘူး မြန်မာတနိုင်ငံလုံး တော်လှန်ရေးတပ်ဖွဲ့ဖက်က စစ်တိုက်နေတဲ့ဟာကို ပိုပြီးတော့မှ အားကောင်း ကောင်းနဲ့ ပြီးမြန်မှာဖြစ်တယ်။

လူထုဘက်ကလည်း ကြံ့ကြံ့တောင့်ခံနေတဲ့ အနေအထားကလည်း အချိန်အတိုင်းအတာတခုဘဲ ရှိမယ်။ ဒါကြောင့် နိုင်ငံတကာက အရေးတယူ လုပ်ဆောင်ပေးရမည့်အထဲမှာ ထည့်သွင်းပြီးမှလည်း လုပ်စေချင်တယ်။

အထူးသဖြင့် အခုနောက်ပိုင်း လူသားချင်းစာနာထောက်ထားမှုအကူအညီ အရမ်းခက်ခက်ခဲခဲဖြစ်လာတယ်။ ဆိုတော့ပြည်တွင်းပြည်ပကကော နောက်ပြီးတော့မှ နိုင်ငံတကာကရော ကူညီတဲ့အခါမှာ အထူးသဖြင့် အခုဆိုရင် IECရဲ့ လူသားချင်းစာနာထောက်ထားမှုအဖွဲ့တွေ ရှိသလို ကျမတို့ အမျိုးသမီးအင်းအားစုအဖွဲ့တွေလည်း ရှိတယ်။ CSOအဖွဲ့အစည်းတွေလည်းရှိတယ်။ တိုက်ရိုက်ချိတ်ဆက်ပြီးတော့မှ ပိုပြီးကူညီခိုင်းစေချင်တယ်။ ဘာဖြစ်လို့လဲ ဆိုရင် ကရင်နီပြည်နယ်မှာက IDPs ဘယ်လောက်၊ ဘယ်နေရာ၊ ဘယ်ဒေသက ဘယ်လိုအရေးပေါ် လိုနေတယ်။ ဘယ်နေရာ၊ ဘယ်ဒေသကတော့ ဒုတိယထားမလဲ ဆိုတာမျိုးတွေက သူ့ဗျူဟာနဲ့သူ ချမှတ်ပြီးသားဘဲ။ ဆိုတော့ အဖွဲ့အစည်းကနေ့တစ်ဆင့် ပိုကူညီခိုင်းစေလိုပါတယ်။

ပိုပြီးတော့မှ ရှေ့ဆက် စနစ်တကျဖြစ်သွားအောင် ပြန်လည်ထူထောင်တဲ့ ကာလပိုင်းမှာလည်း ပိုအားကောင်းသွားအောင် Donor တွေ ကနေပြီးတော့မှ လူသားချင်း စာနာထောက်ထားမှုကူညီတဲ့အခါမှာ သူတို့ရဲ့လိုအပ်ချက်တွေ ပိုပြီးတော့မှ ဖိအားပေးတာမျိုးထက် အကူအညီ ပိုဖြစ်စေတဲ့အပိုင်းကိုလည်း သူတို့သည် မြေပြင်ရဲ့အသံကိုလည်း လေးစားလိုက်နာပြီး နားထောင်ခိုင်းစေလိုပါတယ်။

နော်ဆဲဆဲ

ဦးဆောင်ဆွေးနွေးသူ

ကရင်နီပြည်နယ်မှာ ဖြစ်ပေါ်နေသည့် ဒီယန္တရားတွေပြီးလိုရှိရင်လည်း IEC အစိုးရဘဲပြောပြော၊ အစုအဖွဲ့တွေမှာ ဆိုရင်လည်း ဒီချမှတ်ရမည့် မူဝါဒတွေ၊ ပြင်ဆင်ရမည့် ဆွေးနွေးရမည့် ကိစ္စရပ်တွေ၊ ဒီပါဝါမညီမျှမှုကို လျှော့ချ စေမယ့် လုပ်ဆောင်ချက်တွေ (action မျိုးတွေ)၊ မူဝါဒတွေကိုလည်း သေချာသတ်မှတ်၊ Gender budgeting ကိစ္စတွေအပါအဝင် ဒီအမျိုးသမီးတွေရဲ့ ဘဝလုံခြုံရေး၊ အကာအကွယ်ပေးရေးဆိုတဲ့ ကိစ္စရပ်တွေမှာလည်း လုပ်ဆောင်ပေးဖို့ကို တိုက်တွန်းထားတာလဲပါသလို၊ ကျမတို့သည် လူသားချင်းစာနာထောက်ထားမှုမှာ ရှိနေတဲ့ နိုင်ငံတကာက ဒီအစုအဖွဲ့တွေရှိနေတဲ့ ယန္တရား၊ လုပ်ဆောင်နေတဲ့ အစုအဖွဲ့တွေ့ရဲ့ ရှိနေတဲ့ယန္တရားတွေကို တိုက်ရိုက်ချိတ်ဆက်ဆောင်ရွက်ဖို့ကိုလည်း တိုက်တွန်းသွားတာလည်း ရှိတယ်။

ဆိုတော့ နောက်ဆုံးအနေနဲ့ ဆရာမဘွိုင်နူးကို ဖိတ်ခေါ်ချင်တယ်။ အထူးသဖြင့် စစ်ကိုင်းအထက်ပိုင်း၊ တမူးဒေသမှာဆိုရင်လည်း အိန္ဒိယနဲ့လည်း နယ်စပ်ဖြစ်တယ်။ စောနဆရာမတွေ ဆွေးနွေးသွားသည့် အမျိုးသမီး ငြိမ်းချမ်းရေး လုံခြုံရေး အပါအဝင် အခြားသော အခက်အခဲ စိန်ခေါ်မှုတွေ အများကြီးပါတယ်။ လူသားချင်း စာနာထောက်ထားမှု အကြပ်အတည်းတွေရော အဲ့သည်အပေါ်မှာ အခြေခံပြီးတော့ ဆရာမဘာအကြံပြုချက်တွေ ပေးချင်လဲ?

ဘွိုင်နူး

အထွေထွေအတွင်းရေးမှူး (ကူကီးအမျိုးသမီးများဆိုင်ရာ လူ့အခွင့်အရေး အစည်းအရုံး)

အထူးသဖြင့် ကျမတို့ မြန်မာပြည်အတွက် ဘက်ပေါင်းစုံကနေ ကူညီပံ့ပိုးပေးနေကြတဲ့ ကျမတို့နိုင်ငံသားတွေကိုဘဲ ပြောရမယ်ထင်တယ်။

ကျမတို့နိုင်ငံသားတွေ အချင်းချင်းပြန်လည်ကူညီပေးနေကြတဲ့ နေရာမှာ တခြားကဏ္ဍ တွေကိုလည်း ကူညီနေသလို၊ တစ်ဖက်မှာလည်း အမျိုးသမီးနဲ့ ပတ်သက်ပြီး လုပ်ဆောင်နေကြတဲ့ အဖွဲ့အစည်း တွေကိုလည်း မချန်လှပ်ထားစေချင်ဘူး။

ဘာဖြစ်လိုလဲဆိုရင် အမျိုးသမီးတွေကို ကူညီခြင်းသည် အနာဂတ်မှာ မြန်မာနိုင်ငံအတွက် ခေါင်းဆောင်တွေဖြစ်လာမယ့် ကလေးလူငယ်တွေပါ ပါသွားပြီလေ။ အမျိုးသမီးတွေကို ကူညီခြင်း ဆိုသည့်အခါမှာ တစ်ဖက်မှာလည်း ချန်လှပ်မထားဘဲနဲ့ တဖက်မှာလည်း တတ်နိုင်တဲ့ဖက်ကနေ ထောက်ပံ့ကူညီပံ့ပိုးတဲ့အပိုင်းတွေ လုပ်ဆောင်ဖို့လိုအပ်တယ်။ နောက်တစ်ဖက်မှာလည်း ကိုယ်ရဲ့ ထိန်းချုပ် နယ်မြေ၊ ထိန်းချုပ်နယ်မြေရှိနေကြတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေဖြစ်စေ၊ တော်လှန်ရေး ဘက်တော် သားတွေ ဖြစ်စေ ကိုယ်ရဲ့ဒေသမှာ အမျိုးသမီးအဖွဲ့တွေ လုပ်နေတဲ့အလုပ် တွေ၊ အမျိုးသမီးအဖွဲ့တွေက ဦးဆောင်ပြီး ဒီလိုမျိုးအမျိုးသမီးအရေးနှင့် ပတ်သက်ပြီးလုပ်ဆောင် နေတာတွေ၊ လူသားစာနာထောက်ထားမှုနှင့် ပတ်သက်ပြီး လုပ်ဆောင်နေသည့်ကဏ္ဍတိုင်းမှာ ဆိုရင် သူတို့တွေရဲ့ အလုပ်တွေ ထိထိရောက်ရောက် လုပ်နိုင်ဖို့ အတွက် ကျမတို့ တွေက အဟန့်အတား မဖြစ်စေဘဲနဲ့ ပံ့ပိုးကူညီသူအနေဖြင့်နဲ့ ဝင်ရောက်ပါဝင် စေချင်တယ်။

နော်ဆဲဆဲ

ဦးဆောင်ဆွေးနွေးသူ

လက်ရှိ မြန်မာပြည်အတွက် အထူးသဖြင့် လက်ရှိတော်လှန်းရေးမှာ နိုင်ငံတကာရောက် ကျမ တို့ မြန်မာပြည်ဖွားတွေ၊ တိုင်းရင်းလူမျိုးပေါင်းစုံက အင်အားကလည်း အများကြီး အထောက် အကူဖြစ်တဲ့ အပိုင်းတွေ ရှိတယ်။ အထူးသဖြင့် ကူညီကဏ္ဍအမျိုးမျိုးကိုတော့ ကူညီပံ့ပိုး ပေးတယ်။ ဒါပေမယ့် အမျိုးသမီးတွေ၊ ကလေးငယ် တွေ ကူညီပံ့ပိုးတဲ့ ကိစ္စရပ်တွေကို အလေး အနက် ထည့်သွင်းစဉ်းစားပြီးတော့ ကူညီပံ့ပိုးပေးဖို့ကိုလည်း တိုက်တွန်း ထားတာဖြစ်တယ်။ ကျမတို့လည်း သိရှိရတဲ့အပိုင်းတွေ အများကြီးရှိတယ်။ သူတို့ရဲ့ ပံ့ပိုးမှုတွေကတော့ အများ ကြီး သွားတယ်။ ဒါပေမယ့် တစ်ကယ့်တကယ် အမျိုးသမီးလိုအပ်ချက်တွေ၊ ကလေးသူငယ် တွေရဲ့ လိုအပ်ချက်တွေ၊ အမျိုးသမီးငယ်တွေရဲ့ လိုအပ်ချက်တွေမှာ အများကြီး ကူညီပံ့ပိုး ပေးတဲ့ အပိုင်းတွေမရှိဘူး။ နောက်နောင်မှာ ဒီလို ကူညီပံ့ပိုးမှုတွေ ရှိတယ်ဆိုရင် အထူးသဖြင့် အမျိုးသမီးတွေရဲ့ လိုအပ်ချက်တွေ၊ မိန်းကလေးငယ်တွေ၊ ကလေးငယ် တွေရဲ့ လိုအပ်ချက် တွေကိုလည်း ထည့်သွင်းစဉ်းစားဖို့၊ ဒီအမျိုးသမီးအဖွဲ့အစည်းတွေကိုလည်း ချိတ်ဆက် ဆောင်ရွက် ကူညီပံ့ပိုးဖို့ တိုက်တွန်းထားတာလည်း တွေ့ရတယ်။ ပြီးတော့ ကျမ တို့တော်လှန်ရေး ဘက်တော်သား တွေ၊ တော်လှန်ရေးအင်းအားစုတွေ၊ တော်လှန်ရေး တာဝန်ရှိသူတွေကလည်း လူသားချင်း စာနာထောက်ထားမှု လိုဘဲပြောပြော၊ အမျိုးသမီး ငြိမ်းချမ်းရေးနှင့် လုံခြုံရေးကိစ္စရပ်အတွက်ဘဲပြောပြော အရေးတယူ အကောင်အထည် ဖော်ဆောင်ရွက်နိုင်တဲ့ အနေအထားမျိုးမှာ ဆောင်ရွက်ပေးဖို့ဆိုတဲ့ဟာကိုလည်း တိုက်တွန်း ထားတာ တွေ့ရတယ်။